ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday 5 November 2019 ၉၈၂၄

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

လောကဝင်(ဓမ္မပဒ-၁၁၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## (၂၂) ကြိမ်မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၂၂) ကြိမ်မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

ဗန်ကောက် နိုဝင်ဘာ ၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် (၂၂) ကြိမ်မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ အထူးနေ့လယ်စာစားပွဲ၊ (၁၄) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ တတိယအကြိမ်မြောက် Regional Comprehensive Economic Partnership ထိပ်သီးအစည်းအဝေး၊ (၃၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ၏ ပိတ်ပွဲအခမ်းအနား၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားနှင့် (၁၁) ကြိမ်မြောက် မဲခေါင် - ဂျပန် ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပသည့် Impact, Sapphire-204 ၌ ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံ+ ၃ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ ယနေ့ဖတ်စရာ

**နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကို ခေါ်ယူတွေ့ဆုံ** စာမျက်နှာ » ၅

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာမျက်နှာ » ၁၀

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ကြိုတင်ပြင်ဆင်ပြောင်းလဲခြင်း ရလဒ်များ

ယနေ့ကမ္ဘာတစ်ဝန်းတွင် ၂၀ ရာစု တတိယစက်မှုခေတ်မှ ၂၁ ရာစု လူမှုရေးနှင့် နည်းပညာဆိုင်ရာအသွင်ပြောင်းခြင်းဖြစ်သည့် စတုတ္ထစက်မှုခေတ်သို့ ကူးပြောင်းနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အဆိုပါပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်း အရေးပါသည့် အခွင့်အလမ်းများဖြစ်ပေါ်စေပြီး မြန်မာနိုင်ငံအတွက်လည်း အခွင့်အလမ်းကောင်းများဖြစ်စေသည်။

အခွင့်အလမ်းကောင်းများကိုရရှိစေရန် အစိုးရအနေဖြင့် အပြောင်းအလဲများကို ဖော်ဆောင်ခဲ့သည်။ တစ်ကမ္ဘာလုံး၏ ပြောင်းလဲမှုနှင့် ကိုက်ညီစေရန် လမ်းပြမြေပုံတစ်ရပ်ရေးဆွဲခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် အပြည့်အဝကိုက်ညီပြီး အားလုံးပါဝင်သော လူမှု-စီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပါဝင်သော မြန်မာနိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)ကို ဖော်ဆောင်လျက်ရှိသည်။

အဆိုပါစီမံကိန်းသည် အနာဂတ်ပြုပြင်ပြောင်းလဲမှုများအားလုံးအတွက် စုစည်းညီညွတ်သည့် လမ်းပြမြေပုံတစ်ရပ်ဖြစ်ပြီး နိုင်ငံ၏ဖွံ့ဖြိုးမှု လမ်းစဉ်အသစ် စတင်နိုင်ရေး လမ်းညွှန်ပေးသည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားသည်။ ထိုစီမံကိန်းနှင့်အတူ အာဆီယံအတွင်း ပေါင်းစည်းရေးဆောင်ရွက်ရင်း ဒေသတွင်းတန်ဖိုးရှိသော ကွင်းဆက်များ၊ ပြည်သူများအချင်းချင်း ဆက်သွယ်မှုများမှ အခွင့်အလမ်းသစ်များ ရယူနေသည်ကို မြင်တွေ့ရသည်။

ထိုလမ်းပြမြေပုံ၏အကျိုးဆက်ကြောင့် မြန်မာနိုင်ငံ၏ တိုးတက်မှုအလားအလာတို့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုဝင်ဘာလ ၂ ရက်နေ့ကပြုလုပ်သည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတွင် ရှင်းလင်းပြောကြားခဲ့သည်။ ပြည်သူအချင်းချင်း ဆက်သွယ်မှုများနှင့် ဆိုက်ဘာနည်းပညာများကို ထိရောက်စွာအသုံးချပြီး မြန်မာ ၄.၀ သည် ပြည်သူများအနေဖြင့် ပုံစံသစ်နှင့်ငွေပေးချေသည့်စနစ်များ အသုံးပြုနိုင်အောင် ပံ့ပိုးသွားမည်၊ လူကြီး၊ လူငယ်မရွေး အဆုံးအစမဲ့ သတင်းအချက်အလက်များကို သင်ယူမှုနည်းလမ်းများမှ ရယူနိုင်ကြတော့မည်ဟု ပြောကြားခဲ့သည်။

ထို့အပြင် စမတ်ဖုန်းများဖြင့် အားဖြည့်ထားသည့် (telemedicine) သည်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို များစွာပြောင်းလဲစေမည်။ ယခင်က ဘဏ္ဍာရေးနှင့် စီးပွားရေးအထောက်အပံ့ မရရှိခဲ့သည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ မိမိတို့စိတ်ကူးသည့်အတိုင်း နယ်နိမိတ်ကို ဖြတ်ကျော်ပြီး ကုန်သွယ်နိုင်တော့မည်။ မကြာသေးမီက ကမ္ဘာ့အဆင့်မီ ယူနီကုဒ်ဖောင့်စနစ် စတင်အသုံးပြုနိုင်ခြင်းသည် မြန်မာဘာသာစကားကို အသုံးပြုရေးသားခြင်း၊ ဖော်ပြခြင်းနှင့် နိုင်ငံအချင်းချင်း နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပိုမိုအဆင်ပြေချောမွေ့စေမည်။ မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်စွမ်းရည်ရှိသည့် လူငယ်များလည်း နည်းပညာတိုးတက်မှုမှတစ်ဆင့် အကျိုးအမြတ်ရရှိမည်။ အလျင်အမြန်ပြောင်းလဲနေသည့်ကာလအတွင်း နည်းလမ်းကောင်းများဖြင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ အသွင်ကူးပြောင်းလာခြင်းကို မြင်တွေ့ရမည်။ မြန်မာနိုင်ငံပိုင် ကမ္ဘာ့လေ့လာရေးဂြိုဟ်တုကို လွှတ်တင်ခဲ့ပြီးဖြစ်ရာ ဝေးလံသောဒေသအပါအဝင် တစ်နိုင်ငံလုံး၏ပေါင်းစပ်ဆက်သွယ်မှုကို တိုးမြင့်စေမည် စသည့် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှုများကို အသိပေးပြောကြားခဲ့သည်။

ထိုသို့သော အခြေအနေကောင်းများနှင့်အတူ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း ဖော်ဆောင်နိုင်ရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်သောကြောင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူစွာလည်ပတ်နိုင်ရန် ပံ့ပိုးပေးနိုင်ဆုံးနိုင်ငံ ၂၀ တွင် မြန်မာနိုင်ငံပါဝင်လာသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရလဒ်ကောင်းများသည် တိုတောင်းသည့်ကာလအတွင်း ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အပြောင်းအလဲများဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှုများနှင့် အလားအလာကောင်းများသည် နေရာတိုင်းတွင် ကြိုတင်ပြင်ဆင် ပြုပြင်ပြောင်းလဲနိုင်ခြင်းကြောင့် ပေါ်ထွက်လာသော အကျိုးရလဒ်ကောင်းများပင် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကွမ်းခြံကုန်းမြို့နယ်တွင် မင်းသုဝဏ်ဖောင်ဒေးရှင်းကိုယ်စားပြု စာသင်ကျောင်းဆောင်သစ်လှူဒါန်းပွဲ ကျင်းပ



**ကွမ်းခြံကုန်း နိုဝင်ဘာ ၄**
ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာအုပ်စု ကံပိုင်းကျေးရွာတွင် မင်းသုဝဏ်ဖောင်ဒေးရှင်းကိုယ်စားပြု အလှူရှင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့က ဆောက်လုပ်လှူဒါန်းသည့် စာသင်ကျောင်းဆောင်သစ် လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကံပိုင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ အလှူရှင်များဖြစ်သည့် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းမင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိုက်၊ မင်းသုဝဏ်ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးအောင်ကျော်စိုးတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကိုဖွင့်လှစ်ပေးခဲ့ပြီး အလှူရှင်မိသားစုနှင့်အတူ ဧည့်သည်တော်များ၊ ဖိတ်ကြားထားသူများက ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မင်းသုဝဏ်ဖောင်ဒေးရှင်း နာယက ဦးထင်ကျော်က ကျောင်းဆောင်သစ် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မင်းသုဝဏ်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်က ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိုက်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးသိုက်က ကျောင်းဆောင်သစ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ တစ်ထပ်အဆောက်အဦဖြစ်ပြီး ကုန်ကျငွေစုစုပေါင်း ငွေကျပ် သိန်း ၂၅၀ ဖြင့် ဆောက်လုပ်ခဲ့ပြီး နှစ်ဖက်မိဘများကို အမှူးထား၍ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်မိသားစုက မင်းသုဝဏ်ဖောင်ဒေးရှင်းကိုယ်စားပြု လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းစိုး(ရွှေခြံမြေ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၄**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး Mr. Christian Lechervy အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံစာနယ်ဇင်း၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားကဏ္ဍရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုပ်ရှင်ရာပြည့်ပွဲတော်ကျင်းပရေးဆိုင်ရာ ကိစ္စများနှင့် အဆိုပါပွဲတော်တွင် ပြင်သစ်နိုင်ငံက ပါဝင်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၃,၂၃၄ | ၃၇,၁၉၁,၀၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၅၀ | ၉,၁၉၂ | ၃၅,၉၃၄,၆၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၂၁၀ | ၄,၈၃၀,၀၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၅၀ | ၁၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၄**

ရန်ကုန်(ရွှေဈေး) ၁၂၁၈၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၅၅ ကျပ် | ၉၆၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၅၀ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၁၀/၈၅၅ ကျပ် | ၈၉၅/၉၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၆၅ ကျပ် | ၉၈၀/၉၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၈၆၀/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၉၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၆.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၂၃၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၂၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၆၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၉.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၇၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၈.၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၇.၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၈၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

အစည်းအဝေးတွင် အာဆီယံ + ၃ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ပြန်လည်သုံးသပ်ပြီး အနာဂတ်ဦးတည်ချက်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းလွင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အထူးနေ့လယ်စာစားပွဲ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် Grand Diamond ၌ ကျင်းပသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ အထူးနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် Sapphire – 205 – 206 ၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေး (EAS) သို့ တက်ရောက်သည်။

အစည်းအဝေးတွင် အရှေ့အာရှ ထိပ်သီးအစည်းအဝေး နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု၊ အနာဂတ်ဦးတည်ချက်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်တို့ တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Sapphire – 203 ၌ ကျင်းပသည့် (၂၂) ကြိမ်မြောက် အာဆီယံ – ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံ–ဂျပန်အကြား ပူးပေါင်းဆောင်ရွက်မှု၊ အနာဂတ်ဦးတည်ချက်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် Sapphire – 204 ၌ ကျင်းပသည့် တတိယအကြိမ်မြောက် Regional Comprehensive Economic Partnership (RCEP ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် RCEP နှင့် ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးများသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းလွင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၄) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး (EAS) သို့ တက်ရောက်လာသည့် နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။






## မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၁) ကြိမ်မြောက် မဲခေါင် – ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## အစည်းအဝေး တက်ရောက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၂၂) ကြိမ်မြောက် အာဆီယံ – ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုရှားသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် National Security Advisor of the United States of America တို့အား သီးခြားစီတွေ့ဆုံ

**ဗန်ကောက် နိုဝင်ဘာ ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ရုရှားသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် National Security Advisor of the United States of America တို့အား အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပသည့် Impact Exhibition and Convention Center ၌ သီးခြားစီတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရုရှားသမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Dmitry Medvedev တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် Impact Exhibition and Convention Center ရှိ Sapphire – 111 ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာ – ရုရှား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ စွမ်းအင်၊ စက်မှု၊ မြို့ပြလေကြောင်း၊ ပညာရေးကဏ္ဍများအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့ဆောင်ရွက်သွားရေး၊ မြန်မာ–ရုရှားကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်အစည်းအဝေးကို နေပြည်တော်၌ ကျင်းပသွားရေး၊ အဆင့်မြင့်ကိုယ်စားလှယ်များ အပြန်အလှန် လည်ပတ်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**လက်ခံတွေ့ဆုံ**

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် National Security Advisor of the United States of America, Mr. Robert C.O' Brien အား ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Impact, Sapphire – 104 ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ – အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် သားရဲတိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်တိုက်ဖျက်ရေး၊ ကောင်စစ်ရေးရာကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရေး၊ မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံသဘောတူစာချုပ်နှင့်အညီ ပြန်လည်စိစစ်လက်ခံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNHCR၊ UNDP တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများအပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်တို့ တက်ရောက်ကြသည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုရှားသမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Dmitry Medvedev နှင့် တွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် National Security Advisor of the United States of America, Mr. Robert C.O' Brien နှင့် တွေ့ဆုံစဉ်။



## ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ်မြောက် Regional Comprehensive Economic Partnership (RCEP) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

## လွှဲပြောင်းပေးအပ်

(၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ၏ ပိတ်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုဒ်ချန်အိုချာက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ငုယင်စွမ်းဖုထံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ အထိမ်းအမှတ်တူကို လွှဲပြောင်းပေးအပ်စဉ်။

✪ စာမျက်နှာ ၃ မှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် Grand Diamond ၌ကျင်းပသည့် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ၏ ပိတ်ပွဲအခမ်းအနားနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုဒ်ချန်အိုချာ၊ ဘရူနိုင်းဘုရင်ဆူလတန်ဟာဂျီဟာဆာနယ်လ်ဘိုလ်ကီးယား၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်အာခါမိုဟာဆီနာပါတိုင်းတဲ့ ချီုဟွန်ဆင်၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ ရိုဒရီဂိုဒူတာတေး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာဂျိုကိုဝီဒိုဒို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာထောင်လွန်းဆီဆုလစ်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမဟာသီယာ မိုဟာမက်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင်စွမ်းဖု၊ အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုဒ်ချန်အိုချာက အမှာစကားပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုဒ်ချန်အိုချာက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ငုယင်စွမ်းဖုထံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ အထိမ်းအမှတ်တူကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် The incoming ASEAN Video Presentation ကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် Impact Sapphire – 202 ၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် မဲခေါင် – ဂျပန် ထိပ်သီးအစည်းအဝေး အလုပ်သဘောညစာစားပွဲသို့ တက်ရောက်သည်။

သတင်းစဉ်



# နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကို ခေါ်ယူတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည် လက်ခံရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အမြဲတမ်းအတွင်းဝန်သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE)၏ Evidence Collection and Verification Team (ECVT) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုဝင်ဘာလအတွင်း သွားရောက်မည့် ခရီးစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး ICOE အဖွဲ့ဝင် Mr. Kenzo Oshima ထံမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dr. A. K. Abdul Momen ထံသို့ လိပ်မူပေးပို့သည့် စာမူရင်းအား ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောက်တိုဘာ (၃၀) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသော အချက်များသည် နှစ်နိုင်ငံ အိမ်နီးချင်းကောင်း ဆက်ဆံရေးကို လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်ရေးကို လည်းကောင်း မည်သို့မျှ အထောက်အကူ မပြုကြောင်း သံအမတ်ကြီးအား ပြောကြားခဲ့သည်။

**သတင်းစဉ်**

---

*** ကျောဖုံးမှ**

ရှင်းလင်းတင်ပြခြင်းနှင့် ပြည်ပချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလတွင် ဆောင်ရွက်ဆဲဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်ကြရမည်ဖြစ်ပြီး လွှတ်တော်အသီးသီးတွင် ဆောင်ရွက်ရန်ကျန်ရှိသည့် ဥပဒေကြမ်းများအပါအဝင် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆွေးနွေးအတည်ပြု ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပြည်သူကို ကိုယ်စားပြုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ဥပဒေများပေါ်ထွက်လာစေရေး ဆွေးနွေးအတည်ပြုခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းလုပ်ငန်းတာဝန်များသည် ဥပဒေပြုလွှတ်တော်များ၏ အဓိကတာဝန်များဖြစ်ပါကြောင်း၊ ယင်းတာဝန်များကို ဆောင်ရွက်ကြရာတွင် ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပိုမိုရှင်သန်ခိုင်မာစေရန်နှင့် ကိုယ်စားပြုနယ်မြေအလိုက် ပြည်သူများ၏ ဆန္ဒနှင့်ကိုက်ညီသည့် လူမှုစီးပွားဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းမြှင့်တင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ပြီး အပြန်အလှန်အလေးထားမှု၊ နားလည်မှုများဖြင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

### အချိန်မီပေးပို့တင်ပြ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသည့် မြို့နယ်ပေါင်း (၃၂၅) မြို့နယ်အနက် ယနေ့အထိ (၃၀၉)မြို့နယ်က လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာများ တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်မြို့နယ်များအနေဖြင့်လည်း စနစ်တကျဖြင့် အချိန်မီပေးပို့နိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများကို အဖွဲ့ဝင်အားလုံး တူညီသည့်ဆန္ဒ၊ သဘောထားများနှင့် စနစ်တကျ စိစစ်ရွေးချယ်ပြီး လုပ်ငန်းဆောင်ရွက်ခွင့် အဆိုပြုချက်ပုံစံ(၁)ကို သတ်မှတ်ချက်နှင့်အညီရေးဆွဲပြီး ဗဟိုကော်မတီသို့ အချိန်မီပေးပို့တင်ပြကြရန် မှာကြားလိုပါကြောင်း။

လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်း ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဦးလမာနော်အောင်နှင့် ဦးနိုင်သီဟတို့၏ ကိုယ်စားပြု ပါတီပြောင်းလဲသတ်မှတ်ခြင်းနှင့် ဦးစိန်ဝင်း၊ ဦးအောင်ကျော်ဇံနှင့် ဦးမြင့်နိုင်တို့ ဆန္ဒအလျောက် နုတ်ထွက်ခြင်းကိစ္စများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပြင်ဆင်ရေးပူးပေါင်းကော်မတီဝင်ဖြစ်သည့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထံမှ တင်ပြစာပေးပို့မှုရှိခဲ့ပါကြောင်း။

### လွှတ်တော်၏ အတည်ပြုချက်ရယူရန် မလိုအပ်

ပြင်ဆင်ရေးပူးပေါင်းကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ကိုယ်စားပြု ပါတီပြောင်းလဲခြင်းသည် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်၍ ရသည့် ကိစ္စရပ်မဟုတ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ခြင်းအပေါ်တွင် ပြည်ထောင်စုလွှတ်တော်ရုံးအနေဖြင့် လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် အမိန့်ကြော်ငြာစာထုတ်ပြန်အသိပေးခြင်းဖြစ်သည့်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူရန် မလိုအပ်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း။

ထို့အတူပြင်ဆင်ရေးပူးပေါင်းကော်မတီဝင်သုံးဦးသည် ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်သည့်ကိစ္စမှာလည်း လွှတ်တော်၏ သဘောတူညီချက်ရယူရန် မလိုသည့် ကိစ္စဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ လွှတ်တော်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်ခွင့်ရသည့် လုပ်ပိုင်ခွင့်ကို လွှတ်တော်ဆိုင်ရာဥပဒေများအရ ရရှိထားသူများ ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ဆန္ဒအရ နုတ်ထွက်ခြင်းကို လွှတ်တော်၏သဘောတူညီချက် ရယူသည့်လုပ်ငန်းစဉ် လို၊ မလိုကို စဉ်းစားကြည့်လျှင်သိနိုင်ပါကြောင်း။

ယင်းအပေါ်တွင် ပိုမိုရှင်းလင်းစေရန်ဆိုလျှင် အဖွဲ့ဝင် သုံးဦးနုတ်ထွက်သော်လည်း လွှတ်တော်၏အတည်ပြုဖွဲ့စည်းမှုအရေအတွက် ၄၅ ဦးမှာ မပြောင်းလဲပါကြောင်း၊ နုတ်ထွက်သွားသည့် ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနေရာအတွက် ကော်မတီသက်တမ်းကုန်သည်အထိ ထားရှိမည်ဖြစ်ပါကြောင်း၊ အချိန်မရွေးပြန်လည်ပါဝင်နိုင်ရန် တံခါးဖွင့်ထားမည် ဖြစ်ပါကြောင်း၊ ထိုသို့ ပြန်လည်ပါဝင်လိုပါက လွှတ်တော်၏သဘောတူညီချက် ရယူဆောင်ရွက်ရန် မဖြစ်မနေလိုအပ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်က ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ မူလဖွဲ့စည်းပုံအင်အား ၄၅ ဦးဖြစ်ပြီး လက်ရှိအင်အားမှာ ၄၂ ဦးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်ရေးပူးပေါင်းကော်မတီနှင့် ပတ်သက်သည့် တင်ပြချက်အကြောင်းအရာနှစ်ခုအပေါ် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အသိပေးဆောင်ရွက်ခဲ့ခြင်းသည် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို အသိပေးရှင်းလင်းပြောကြားလိုပါကြောင်း။

မိမိတို့ နိုင်ငံတော်နှင့် နိုင်ငံသားများသာမက နိုင်ငံတကာက အလေးထားရသည့် ဥပဒေပြုလွှတ်တော်အဖြစ် ရပ်တည်နိုင်ရန်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံး၏ မှန်ကန်သည့် စဉ်းစား၊ သုံးသပ်၊ လုပ်ဆောင်မှုများသည် အလွန်ပင်အရေးကြီးပါကြောင်းနှင့် လွှတ်တော်တစ်ရပ်လုံးအတွက် ကိုယ်စီတာဝန်ကျေပွန်မှုများကို ထုတ်ဖော်ပြသနိုင်ကြပါစေကြောင်း တိုက်တွန်းပြောကြားသည်။

### လွှတ်တော်က မှတ်တမ်းတင်

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ပြည်ပခရီးစဉ်များနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာစိုးဝင်းအား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာ ၂၄ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ကရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### လက်မှတ်ရေးထိုးနိုင်ရေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သက်ကြီးရွယ်အိုအဖွဲ့အစည်း ဆိုင်ရာ အာဆီယံဗဟိုဌာန ထူထောင်ရေးစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စာချုပ်ရည်ရွယ်ချက်များမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားမိတ်ဖက်များအကြားတွင် အာဆီယံဒေသအသိုက်အဝန်းအတွင်း တိုးပွားလာသော သက်ကြီးရွယ်အိုဦးရေ၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် အသက်အရွယ်ကြီးရင့်သူများ အမှီအခိုကင်းစွာဖြင့် ကောင်းမွန်စွာနေထိုင်နိုင်ရန် ထောက်ပံ့ပေးသွားနိုင်ရန်၊ ကျန်းမာတက်ကြွ၍ အကျိုးပြုနိုင်သော သက်ကြီးရွယ်အို ဘဝအဖြစ် မြှင့်တင်နိုင်ရေးအတွက် ကဏ္ဍပေါင်းစုံ၏ သက်ကြီးရွယ်အိုဆိုင်ရာမူဝါဒများ မြှင့်တင်ရန်၊ သက်ကြီးရွယ်အိုဆိုင်ရာ အနာဂတ်ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ရန်အတွက် အသိပညာများနှင့် တီထွင်စမ်းသပ်မှုများ မွေးထုတ်သွားရန် တို့ဖြစ်ပါကြောင်း။

အဆိုပါစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အတွေ့အကြုံ၊ အသိပညာဖလှယ်ခြင်းနှင့် သင်တန်းပို့ချခြင်းများ ဆောင်ရွက်နိုင်မည် ဖြစ်သဖြင့် ဒေသတွင်းနိုင်ငံများသာမက မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အိုစောင့်ရှောက်မှုများ တိုးတက်စေရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Convention on Limitation of Liability for Maritime claims, 1976(LLMC 1976) နှင့် Protocol of 1996 to amend the Convention on Limitation of Liability for Maritime claims, 1976 (LLMC PROT 1996) တို့တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ် ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော International Convention for the Unification of Certain Rules of Law Relating to Bills of Lading ("Hague Rules") Hague Visby Rules နှင့် SDR Protocol တို့တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက International Convention for the Unification of Certain Rules of Law Relating to Bills of Lading ("Hague Rules") Hague Visby Rules နှင့် SDR Protocol တို့တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ကုန်စည်သယ်ဆောင်သူနှင့် ကုန်ပို့သူတို့အကြား ကုန်တင် တန်ဆာလက်မှတ်များနှင့်စပ်လျဉ်း၍ အာမခံလျော်ကြေးပေးရာတွင် လက်မှတ်ရေးထိုးထားသော Rules များကို သိရှိထားခြင်းဖြင့် လျော်ကြေးတောင်းဆိုရာတွင် အထောက်အကူဖြစ်ခြင်း၊ ညွှန်းဆိုသော Rules အရ ပင်လယ်ရေကြောင်း ကုန်သွယ်မှုများ ပြုလုပ်ရာတွင် ကုန်စည်သယ်ဆောင်သူနှင့် ကုန်ပို့သူတို့အကြား တာဝန်ရှိမှုများ၊ သဘောတူ ဆောင်ရွက်ချက်များ၊ ကုန်ပို့သူ၏ တာဝန်ရှိမှုများ၊ လမ်းခရီးတွင် ကုန်ပို့သူ၏ တာဝန်ရှိမှုကို တိတိကျကျသတ်မှတ်နိုင်ခြင်း၊ လျော်ကြေးပေးဆောင်ရမည့် ငွေကြေးယူနစ်ကို IMF က သတ်မှတ်ထားသော SDRအဖြစ် ပြဋ္ဌာန်းထားသဖြင့် တရားရုံးက ဥပဒေအရ အမှုကို ဆုံးဖြတ်သောနေ့တွင် သတ်မှတ်သည့် ပေါက်ဈေး ငွေကြေးတန်ဖိုးအပေါ်အခြေခံထားသော ပြည်တွင်းငွေ ကြေးအဖြစ် ပြောင်းလဲနိုင်ခြင်း၊ လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံအချင်းချင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ခြင်း၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများဖြစ်သော The Carriage of Goods by Sea Act နှင့် The Bills of Lading Act တို့ကို ပြင်ဆင်ရေးဆွဲနေဆဲကာလဖြစ်သဖြင့် ကွန်ဗင်းရှင်းနှင့် ပရိုတိုကောလ်အရ ဖြည့်စွက်ရမည့် လိုအပ်ချက်များကို ထည့်သွင်း ပြဋ္ဌာန်းသွားနိုင်မည်ဖြစ်ခြင်းနှင့် အတည်ပြုပါဝင်ထားသော နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အကာအကွယ်ကို အပြည့်အဝရရှိနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်သည့်အတွက် မြန်မာနိုင်ငံက Accession နည်းလမ်းဖြင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

### ချေးငွေရယူရေးကိစ္စ ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပညာရေးဝန်ကြီးဌာနက လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA)ထံမှ အမေရိကန်ဒေါ်လာ သန်း(၁၀၀) ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက ယခုချေးငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းကို လေ့လာရာတွင် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအားလုံး အရည်အသွေးမီပညာရေး အခွင့်အလမ်းကောင်းများရရှိစေရန်၊ ကျောင်းပြင်ပသို့ ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားခွင့် ဖန်တီးပေးရန်၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှု ကောင်းမွန်မှုများ ရရှိစေရန်ဆိုသည့် အချက်များ ပါဝင်သည်ကိုလေ့လာတွေ့ရှိရပါကြောင်း၊ ထို့ပြင် ချေးငွေဖြင့် ဆောင်ရွက်မည့်မြို့ နယ်ပေါင်းမှာ(၁၁၅)မြို့နယ်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ကျန်ရှိသည့် မြို့နယ်များအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယခုချေးငွေမှာ ပညာရေးကဏ္ဍ၏အရေးကြီးသည့် ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများ၊ အမှုထမ်းအရာထမ်းများ၏ အရည်အသွေးမြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှဒေါက်တာတင်တင်ဝင်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခေါ်) ဒေါက်တာအားကာမိုး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုးတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း၊ ဂျိုင်းလော**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပထမနေ့ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များအား မှတ်တမ်းတင်ခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယနေ့စတင်ကျင်းပသည့် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင် ဆွေးနွေးကြရမည့် ဥပဒေကြမ်း ၁၆ ခု ရှိပါကြောင်း၊ အဆိုများအနေဖြင့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင် တင်သွင်းခဲ့ပြီး ဆွေးနွေးရန် ကျန်အဆိုတစ်ခုအပါအဝင် အသင့်ဖြစ် အဆို ငါးခုရှိပါကြောင်း၊ အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၆၅ ခု ရှိပါကြောင်း၊ ကိုယ်စားလှယ်များ၏ အခွင့်အရေးများ ပိုမိုရရှိစေရန်အတွက် ယခင်အကြိမ်များက ကျန်ရှိခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း ၁၀၈ ခုကို (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့ထားပြီးဖြစ်ကြောင်းကို အသိပေးအပ်ပါကြောင်း။

လွှတ်တော်များ ခိုင်မာအားကောင်းပြီး ပြည်သူက ပိုမိုအားကိုးလာရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေးတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်ကြရန် အထူးလိုအပ်ပါကြောင်း၊ မိမိတို့သည် ပြည်သူကို ကိုယ်စားပြုထားသူများဖြစ်ပြီး တာဝန်ယူထားရသည့် လွှတ်တော်လုပ်ငန်းစဉ်များကို ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို စိစစ်ထိန်းညှိပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်းသွားရမည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ် ခိုင်မာရန်နှင့် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် အတူတကွလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို ဖြူစင်သည့် စိတ်စေတနာ၊ မှန်ကန်သည့် ဆောင်ရွက်ချက်များနှင့် စည်းစည်းလုံးလုံး လက်တွဲညီညီ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပထမနေ့ ကျင်းပစဉ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြ

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ မိမိခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ) ဦးတင်သစ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ် ကာဇက်စတန်သမ္မတနိုင်ငံ 4th Meeting of Speaking of the Eurasian Countries' Parliaments သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို ဆွစ်ဇာလန်နိုင်ငံနှင့် နော်ဝေနိုင်ငံတို့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် မလေးရှားနိုင်ငံ နိုင်ငံတကာပါလီမန်များအဖွဲ့နှင့် ကုလသမဂ္ဂက ဦးစီးကျင်းပသော အာရှ-ပစိဖိတ်ဒေသနိုင်ငံများအတွက် အကြမ်းဖက်ဝါဒနှင့် ယင်းတို့ဖြစ်ပေါ်စေသော အစွန်းရောက်ဝါဒတို့အား ဆန့်ကျင်ရေးနှင့်စပ်လျဉ်းသည့် ဒေသဆိုင်ရာ ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ထိုင်းနိုင်ငံ 1st South– East Asia Inter Parliamentary meeting on Implementation of the Sustainable Development Goals နှင့် 3rd South–East Asia Forum on Implementation of the Sustainable Development Goals သွားရောက်ခဲ့သည့်ခရီးစဉ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ အင်ဒိုနီးရှားနိုင်ငံသို့ အင်ဒိုနီးရှားနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ (PANTAP) နှင့် ပတ်သက်၍ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ဆားဘီးယားနိုင်ငံသို့ အကြိမ် (၁၄၁) မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ ညီလာခံသွားရောက်ခဲ့သည့် ခရီးစဉ်၊ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း စင်ကာပူနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သို့ ဒေသတွင်းနှင့် နိုင်ငံတကာအစိုးရစနစ်များကို လေ့လာရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ထိုင်းနိုင်ငံသို့ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ ဩစတြေးလျနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ဂျပန်နိုင်ငံ 17th Study Tour to Japan "Mediation" သို့ သွားရောက်ခဲ့သည့်ခရီးစဉ်နှင့် ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ပေါ်တူဂီနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သို့ Lisbon Addictions 2019 Conference နှင့် မူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေးလုပ်ငန်းများသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်တို့၏ ဆောင်ရွက်ချက်များကို ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေးကဏ္ဍများ ဆောင်ရွက်ရာ၌ ရပ်စောက်မြို့နယ်အတွင်း မီးလင်းလိုသည့် ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနက မည်သို့သောမူဝါဒ၊ သတ်မှတ်ချက်များဖြင့် ရွေးချယ်ဆောင်ရွက်နေသည်ကို** သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရပ်စောက်မြို့နယ်ရှိ ရေအေးကျေးရွာ၊ တောင်ကြီးကျေးရွာ၊ လျှော်ကုန်းကျေးရွာနှင့် ဆင်သေကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများနှင့် ရပ်စောက်မြို့ပေါ် ဓာတ်အားလိုင်းများနှင့် ခွဲရုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ၁၆ ခုကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ ကျေးရွာများ ဓာတ်အားရရှိရေးလုပ်ငန်း ၃၆ ခုကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ ရပ်စောက်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ထံသို့ လျာထားတင်ပြခဲ့သည့် စုစုပေါင်းလုပ်ငန်း ၅၂ ခုတွင် ပါဝင်ခဲ့ပါကြောင်း။

ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပြည်နယ်စီမံကိန်းဦးစီးဌာနသို့ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် လျာထားတင်ပြသည့် စုစုပေါင်းလုပ်ငန်း ၈၇၀ တွင် အဆိုပါလုပ်ငန်း ၅၂ ခုလည်း ပါဝင်ခဲ့ပါကြောင်း၊ အဆိုပါလျာထားတင်ပြချက်စာရင်းကို ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ထပ်မံစိစစ်ရွေးချယ်ခဲ့ပါကြောင်း၊ ထိုသို့ ထပ်မံစိစစ်ရွေးချယ်ရာတွင် ရပ်စောက်မြို့နယ်အတွက် လုပ်ငန်း ၁၃ ခုကို လျာထားခွင့်ပြုခဲ့ရာ ကိုယ်စားလှယ်၏ မေးမြန်းချက်ပါ ကျေးရွာများမှာ ဘဏ္ဍာငွေမလုံလောက်မှုကြောင့် မပါဝင်တော့ခြင်းဖြစ်ပါကြောင်း။

အဆိုပါ ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ရာ လျှော်ကုန်းကျေးရွာနှင့် ဆင်သေကျေးရွာတို့အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း စုစုပေါင်း ၁ ဒသမ ၇ မိုင်နှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံး တည်ဆောက်ခြင်းလုပ်ငန်းများကို အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း (NEP) ပထမအဆင့်၏ မီးလင်းပြီးကျေးရွာများအတွက် အစားထိုးကျေးရွာများစာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ရေအေးကျေးရွာ၊ ဆင်တောင်ကျေးရွာ၊ တောင်ကြီးကျေးရွာတို့အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း စုစုပေါင်း ၅ ဒသမ ၅ မိုင်နှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံး တည်ဆောက်ခြင်းလုပ်ငန်းများကို (NEP) ဒုတိယအဆင့်တွင် ထည့်သွင်းလျာထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား

မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ) ဦးအုန်းခင်၏ **မင်းလှမြို့နယ် ရွာတော်ကျေးရွာ အနောက်ဘက် ဧရာဝတီမြစ်ကမ်းပါးပေါ်ရှိ ကျောက်မှော်ဘုန်းတော်ကြီးကျောင်းနှင့် နှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများ မြစ်ရေတိုက်စားမှုအန္တရာယ်မှ ကင်းဝေးစေရန် ရေကာတာတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရွာတော်ရေးဟောင်းစေတီတော်ကြီး မိုးရေတိုက်စားမှုကို ကာကွယ်ရန်နှင့် ကမ်းပါးအနီး အလေးဝန်ပိခြင်းမှ ကာကွယ်ရန်အတွက် ဘုရားအနီးရှိ ညောင်ပင်ကြီး၏ သစ်ကိုင်းများ ဖယ်ရှားပေးပြီး မိုးရေစီးကြောင်းများ မကျစေရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ယာယီကာကွယ်ပေးရန် လိုအပ်မည်ဖြစ်ပြီး ရေရှည်ကာကွယ်နိုင်ရန် Bored Pile အခြေပြုကျောက်စီမြေထိန်းနံရံ အလျားပေ ၃၅၀ ခန့်ဖြင့် ကာကွယ်ဆောင်ရွက်ပေးသင့်ကြောင်း တွေ့ရှိရပါကြောင်း၊ ထို့ပြင် မင်းလှ-ရွာတော် လမ်းပိုင်းရေတိုက်စားကမ်းပြိုမှုကိုလည်း ရေရှည်ထိန်းသိမ်းနိုင်ရန် Bored Pile အခြေပြုကျောက်စီမြေထိန်းနံရံ အလျားပေ ၅၀၀ ခန့်တည်ဆောက်၍ ကာကွယ်ဆောင်ရွက်ပေးသင့်ကြောင်းကိုလည်း တွေ့ရှိရပါကြောင်း။

ရွာတော် ရေးဟောင်းစေတီတော်ကြီး မိုးရေတိုက်စားမှုနှင့် မင်းလှ-ရွာတော်ဆက်လမ်း မြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများသည် အမှန်တကယ် ဆောင်ရွက်ပေးသင့်သော လုပ်ငန်းများဖြစ်သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းလျာထားခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းရှင်းလင်းဖြေကြားသည်။

ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၏ **ဝိုင်းမော်မြို့နယ် အမှတ်(၄)ရပ်ကွက်တွင် ရထားလမ်းဘူတာရုံအဖြစ် တည်ဆောက်ခဲ့ကြသော မြေနေရာကို ဆက်လက်ပြီး ဘူတာရုံတည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် မြစ်ကြီးနား-ဗန်းမော်-သီပေါ-လဲချား-နမ့်ဆန် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ဝိုင်းမော်-တာလောကြီးလမ်းပိုင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ခဲ့ရာ ၂၀၁၂ ခုနှစ်အထိ တာပေါင်မြေဖို့ခြင်းလုပ်ငန်း ၂ ဒသမ ၁၈ မိုင် ဆောင်ရွက်ပြီးစီးခဲ့ပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်း မပြုတော့ဘဲ ရပ်ဆိုင်းထားခဲ့ပါကြောင်း၊ အဆိုပါ စီမံကိန်းကို ဖြစ်မြောက်နိုင်ခြေလေ့လာခြင်း (Feasibility Study–FS) စနစ်တကျ ဆောင်ရွက်မှုမရှိဘဲ ဖောက်လုပ်ခဲ့ခြင်း၊ ကုန်ကျစရိတ်များပြားပြီး လတ်တလောအကျိုးမရှိနိုင်ခြင်းနှင့် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိနိုင်ခြင်းတို့ကြောင့် စီမံကိန်းကို ရပ်ဆိုင်းခဲ့ရခြင်းဖြစ်ပါကြောင်း။

ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ရပ်ဆိုင်းထားခဲ့သဖြင့် လတ်တလောအခြေအနေတွင် ဝိုင်းမော်ဘူတာကို တည်ဆောက်ရန် အစီအစဉ်မရှိသေးသော်လည်း နောင်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းဖောက်လုပ်ရန် စီမံကိန်းပေါ်ပေါက်လာပါက ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဘူတာရပ်ဝန်းနှင့် လမ်းအူကြောင်းတစ်လျှောက် သိမ်းဆည်းမြေများအတွက် လျော်ကြေးငွေများကို ပေးချေထားခဲ့ပြီး ဌာနပိုင်မြေအဖြစ် အမည်ပေါက်ရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် အဆိုပါ ရထားလမ်းစီမံကိန်းကို အကောင်အထည်ဖော်မည့် အချိန်ကာလကို ခန့်မှန်းနိုင်ခြင်းမရှိသေးသဖြင့် ဝိုင်းမော်မြို့နယ်အတွင်း ရုံးမြေနေရာလိုအပ်နေသော အခြားဝန်ကြီးဌာနများအနေဖြင့် ညှိနှိုင်းလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၏ **လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ လူငယ်သင်တန်းကျောင်းများတွင် လက်ခံထားရှိနိုင်သော သင်တန်းသားဦးရေထက် နှစ်ဆကျော်ခန့် ပိုမိုများပြားနေခြင်းကို မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်ကလည်းကောင်း၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၏ **ကြို့ပင်ကောက်မြို့နယ် ကြို့ကုန်းအုပ်စုအတွင်းရှိ အုန်းနဲ့ကုန်း၊ သံဖြူချောင်း၊ သက်ရင်းကုန်းကျေးရွာများ လျှပ်စစ်ဓာတ်အား အဆင်ပြေစွာရရှိနိုင်ရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို** သိလိုခြင်းမေးခွန်းနှင့် သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၏ **ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဟင်းငုတ်ပင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ ကရင်ပြည်နယ် သံတောင်မြို့၊ သံတောင်ကြီးမြို့၊ ဘောဂလိမြို့၊ လိပ်သိုမြို့များသို့ ၃၃/ ၁၁ ကေဗွီ ဓာတ်အားလိုင်း သီးခြားသွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်ကလည်းကောင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ် ငမိုးရိပ်ချောင်း၏ ကမ်းထိန်းနံရံတစ်လျှောက်တွင် ကျူးကျော်များရောက်ရှိမလာစေရန်နှင့် ကမ်းနားတစ်လျှောက်တွင် ဒေသအခြေအနေနှင့် ကိုက်ညီမည့်အပင်များ စိုက်ပျိုးပေးရန် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကို** သိလိုခြင်းမေးခွန်းနှင့် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်၏ **မာန်အောင်မြို့နယ်မှ ရမ်းဗြဲမြို့၊ ကျောက်ဖြူမြို့များနှင့် ပြည်နယ်၊ ပြည်မရှိမြို့များသို့ ခရီးသွားလာရာတွင် အဆင်ပြေမြန်ဆန်ရေးအတွက် ရမ်းဗြဲနှင့် မာန်အောင်သို့ ဇက်ရေယာဉ်ပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်း**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများအတွက် အတိုးနှုန်းသက်သာသည့် နှစ်ရှည်အိမ်ရာ ချေးငွေစနစ်ဖြင့် ချိတ်ဆက်ဝယ်ယူနိုင်ရန် စီစဉ်ပေးလျက်ရှိ




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့် ကာလအတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ၏ မျှော်လင့်ချက်များကို သယ်ဆောင်လာပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်နိုင်ကြပါစေဟု တိုက်တွန်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၅) ဦးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်ရှိ ဖုတ်ကုန်း – နေရာခင်း – ရွာသစ် – ကိုင်းကျေးရွာချင်းဆက်လမ်းအား မြေသားပေါင်တင် ဖောက်လုပ်ရန်အတွက် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါ ကျေးရွာချင်းဆက်လမ်း (၂)မိုင် (၂)ဖာလုံသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (B) ဦးစားပေးအဆင့် (၁) လမ်းစာရင်းတွင် ပါဝင်သည့်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## သံတောင်ကြီး / ဘောဂလိဒေသနှင့် ဖာပွန်မြို့ကို ဆက်သွယ်ရန် လမ်းတစ်လမ်းလိုအပ်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ **ကရင်ပြည်နယ်မြောက်ပိုင်း သံတောင်ကြီးမြို့နယ်မှ ကရင်ပြည်နယ်တောင်ပိုင်းရှိ မြို့နယ်များသို့ ဖာပွန်မြို့မှတစ်ဆင့် သွားလာနိုင်ရန် သံတောင်ကြီး – ဖာပွန်ကားလမ်းမကြီး ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက သံတောင်ကြီး/ ဘောဂလိဒေသနှင့် ဖာပွန်မြို့ကို ဆက်သွယ်ရန်အတွက် လမ်းတစ်လမ်း အဓိကလိုအပ်လျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အရှေ့ဘက်အကျဆုံး တောင် – မြောက်လမ်းမကြီးအဖြစ် ကော့သောင်းမြို့မှ မော်လမြိုင်မြို့၊ ဘားအံမြို့မှ ဖာပွန်မြို့၊ မော်ချီးမြို့၊ လွိုင်ကော်မြို့၊ တောင်ကြီးလမ်းတို့ကို Arterial Road Network Master Plan တွင် ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

သို့သော် ယနေ့အချိန်အခါတွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် သောက်ရေခပ်မြစ်ကို ကျော်ဖြတ်၍ Survey တိုင်းတာပြုလုပ်၍ မရသေးသည့် အခြေအနေဖြစ်ပါကြောင်း၊ အဆိုပါဒေသသို့ နယ်မြေအခြေအနေအရ ဝင်ရောက်၍ Survey တိုင်းတာမှုဆောင်ရွက်ခြင်း၊ စက်ယန္တရားကြီးများ ဝင်ရောက်ဆောင်ရွက်ခွင့် အခြေအနေများရရှိပြီဆိုပါက အဆိုပါလမ်းကို အမြန်ဆုံး ဖောက်လုပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့၏ **ဘိုကလေး – စက်ဆန်း – ထော်ပိုင် – အမာလမ်းပေါ်ရှိ လမ်းနှင့်ဆည်မြောင်းတာထပ်နေသည့် အပိုင်းများအား မည်သည့်ဌာနက မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းရှိ ဘိုကလေး – စက်ဆန်း – ထော်ပိုင် – အမာလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး စက်ဆန်းနှင့် ထော်ပိုင်အကြားရှိ မိုင်တိုင်အမှတ် (၁၈/၁)မှ (၁၉/၃) အထိ (၁)မိုင် (၂)ဖာလုံနှင့် မိုင်တိုင်အမှတ်(၁၉/၇) မှ (၂၆/၂) အထိ (၆)မိုင် (၃)ဖာလုံ စုစုပေါင်းလမ်းအရှည် (၇) မိုင် (၅)ဖာလုံသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် ဒေါင့်ကြီးကျွန်းပတ်တာနှင့် တစ်ထပ်တည်း ကျရောက်လျက်ရှိပါကြောင်း။

၎င်းလမ်းပိုင်းကို Design Authority Crest Level (A.C.L) ရရှိရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာပေါင်အမြင့် (၁)မီတာခန့် မြှင့်တင်ဆောင်ရွက်ခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ထားသည့် လမ်းတာပေါင်အား ဘေးနှစ်ဖက်မှတူးယူ၍ မြေဖို့ကြိတ်ခြင်း ဆောင်ရွက်ခဲ့သည့်အတွက် လမ်းပျက်စီးသွားခဲ့ပြီး လမ်းတာပေါင်အကျယ် (၁၂)ပေသာကျန်ရှိခြင်း၊ မိုးရာသီတွင် လမ်းသုံးစွဲ၍ မရနိုင်သောကြောင့် မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပါက ထော်ပိုင်ရွာဘက်ခြမ်းမှ ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ရင်ဆိုင်ကြုံတွေ့လာနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခဲ့ရာ တာတမံဥပဒေအရ တာ၏ အတွင်းဘက်ခြမ်းမှ Second Berm အဖြစ်သာ ဆောင်ရွက်သွားရန် သဘောထားမှတ်ချက်ပြန်ကြားလာခဲ့သဖြင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရပါကြောင်း။

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ တာ၏ အတွင်းဘက်မှကပ်၍ လမ်းအူကြောင်းအသစ်ရှာဖွေခြင်းနှင့် အသေးစိတ်တိုင်းတာပုံထုတ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာ မိုးရွာသွန်းမှုကြောင့် မြစ်ရေ၊ ချောင်းရေ တက်လာသည့်အတွက် ရပ်နားခဲ့ရပြီး ပွင့်လင်းရာသီတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းအူကြောင်းတစ်လျှောက်ရှိ မြေယာလျော်ကြေးကိစ္စများအား လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြေယာလျော်ကြေးကိစ္စရပ်များ ပြီးပြတ်ပါက မြေယာလျော်ကြေးငွေနှင့် လမ်းတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လျာထားရန်ပုံငွေများကို နီးစပ်ရာဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံသွားမည်ဖြစ်ကာ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## တစ်နှစ်လျှင် အငြိမ်းစားယူမည့် နိုင်ငံ့ဝန်ထမ်းဦးရေ ၂၀၀၀၀ ကျော်ရှိပြီး ယင်းတို့အနက် သုံးပုံနှစ်ပုံခန့်သည် အိမ်ခန်းဝယ်ယူလို

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝနေထိုင်ရေး အဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် ဝန်ထမ်းများအား စစ်တမ်းကောက်ယူထားမှုအခြေအနေ၊ အကောင်အထည်ဖော် ပြီးစီးမှုရာခိုင်နှုန်းနှင့် မည်သည့်ကာလတွင် ဝန်ထမ်းများလက်ဝယ်သို့ ပေးအပ်နိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက စစ်တမ်းကောက်ယူမှုအရ တစ်နှစ်လျှင် အငြိမ်းစားယူမည့် နိုင်ငံ့ဝန်ထမ်းဦးရေ ၂၀၀၀၀ ကျော်ရှိပြီး ယင်းတို့အနက် သုံးပုံနှစ်ပုံခန့်သည် အိမ်ခန်းဝယ်ယူလိုသည်ဟု တင်ပြလာပါကြောင်း၊ ထို့ကြောင့် အိမ်ရာလိုအပ်ချက်ပေါင်း တစ်နှစ်လျှင် ၁၃၀၀၀ ယူနစ်ခန့် ဆောက်လုပ်ပေးရန် လိုအပ်လာခြင်းဖြစ်ပါကြောင်း၊ အများစုမှာ အိမ်ရာချေးငွေနှင့် ဝယ်ယူလိုခြင်းဖြစ်ပြီး အငြိမ်းစားယူချိန်တွင် အခြေချနေထိုင်လိုသည့် မြို့များကို တစ်နှစ်အတွင်း အငြိမ်းစားယူမည့် သူများအပေါ် စစ်တမ်းကောက်ယူချက်အရ ရန်ကုန်မြို့တွင် ၁၀၈၁၉ ဦး၊ မန္တလေးမြို့တွင် ၃၆၆၃ ဦး၊ နေပြည်တော်တွင် ၁၁၂၅ ဦးနှင့် အခြားမြို့များသို့လည်း အသီးသီး အဆိုပြုထားသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် တန်ဖိုးသင့်တင့်သည့် အရောင်းအိမ်ရာများ ဝယ်ယူခွင့်ပြုနိုင်ရန် လိုအပ်သကဲ့သို့ ဝယ်ယူရန်အခက်အခဲရှိသည့် အငြိမ်းစားများအတွက်လည်း အငှားအိမ်ရာများ စီစဉ်ပေးရန် လိုအပ်ကြောင်းကိုလည်း စစ်တမ်းတွင် တွေ့ရှိရပါကြောင်း၊ အိမ်ရာလိုအပ်ချက် အများဆုံးဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ (၁၅) ဘီလီယံဖြင့် အငှားအိမ်ရာအခန်းပေါင်း (၈၁၂)ခန်းတည်ဆောက်ပေးခဲ့ပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်၌ အခန်းပေါင်း (၁၂၀)ထပ်မံတည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အသီးသီးတွင်လည်း နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောက်လုပ်ဖြည့်ဆည်းပေးလျက်ရှိပြီး အိမ်ခန်းများ ချထားရေးကို တာဝန်ယူဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ဝင်ငွေနည်းပြည်သူများအတွက် ဝယ်ယူနိုင်စွမ်းရှိစေမည့် အရောင်းအိမ်ရာများကို ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် အခြားမြို့ကြီးများတွင် စုစုပေါင်းအိမ်ခန်း (၈၄၁၆) ခန်းတည်ဆောက်ရောင်းချပေးလျက်ရှိပြီး အတိုးနှုန်းသက်သာသည့် နှစ်ရှည်အိမ်ရာ ချေးငွေစနစ်ဖြင့် ချိတ်ဆက်ဝယ်ယူနိုင်ရန် စီစဉ်ပေးလျက်ရှိပါကြောင်း၊ ဆောက်လုပ်ပြီး တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ခန်းများကို နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအကြား အချိုးကျခွဲဝေရောင်းချပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့တွင် တန်ဖိုးနည်းအိမ်ရာများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဖိတ်ခေါ်ဆောင်ရွက်ကာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ငါ့သရောက်မြို့နှင့် တောင်ဇင်း – ကန်စောင့်ကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဘဏ္ဍာရေးနှစ်အလိုက်ပိုင်း၍ အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ငါ့သရောက်(သိမ်ရွာ)နှင့် တောင်ဇင်း – ကန်စောင့်ကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းမှာ အရှည် (၁၃)မိုင်ရှိပါကြောင်း၊ ငါ့သရောက် (သိမ်ရွာ)မှ ထန်းပေါက်ကုန်းအထိ လမ်းပိုင်းအရှည် (၃)မိုင် (၆)ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းစာရင်းတွင်ပါဝင်ပြီး ကွမ်းဖလား – ကန်စောင့် – ထန်းပေါက်ကုန်းလမ်းပိုင်း အရှည် (၉)မိုင် (၂)ဖာလုံသည် ကျေးလက်လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

ကျေးလက်လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသော လမ်းအရှည် (၉)မိုင် (၂) ဖာလုံကို ကျေးလက်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းစာရင်းပေါက်ပြီးဖြစ်သည့် ငါ့သရောက် (သိမ်ရွာ) – ထန်းပေါက်ကုန်း လမ်းပိုင်းအရှည် (၃)မိုင် (၆)ဖာလုံအား ကျေးလက်လမ်းဖွံ့ဖြိုးရေးစီမံကိန်းအရ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စကားရပ် ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို** အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက **မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင် ဦးဖေတင်သည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းအတွက် အထူးဝမ်းနည်းကြောင်းအဆို**တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်၏ ဆန္ဒရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုကို မှတ်တမ်းတင်ကြောင်းနှင့် ယင်းအဆိုနှင့်စပ်လျဉ်းသည့် မှတ်တမ်းကို သပ်ရပ်စွာပြုစု၍ ကွယ်လွန်သူ၏ အမွေခံထံသို့ ပေးပို့ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင်သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်သည့်နေ့တိုင် စိတ်ဓာတ်ခိုင်မာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်မှုများအတွက် လွှတ်တော်ကိုယ်စားလှယ်များက (၂)မိနစ်မတ်တတ်ရပ် ငြိမ်သက်၍ ဂုဏ်ပြုကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့ပါက အမျိုးသားလွှတ်တော်က လူမှုရေးအရ တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းကူညီထောက်ပံ့ရန် လွှတ်တော်၏ အတည်ပြုချက်ရယူထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ် ကူညီထောက်ပံ့ငွေကို မိသားစုထံ ပေးပို့သွားမည်ဖြစ်သည်ကို အသိပေးအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ မိုက်ကယ်ထန်း**

ကြေးမုံ



မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဦးပြည့်စုံနှင့် ရုပ်ရှင်စကားဝိုင်း

**ဒီတစ်ပတ် ကျွန်တော်နဲ့စကားဝိုင်းကို ပါဝင်မယ့်သူကတော့ တစ်ချိန်က သွေးသောက်မဂ္ဂဇင်းကို ဦးစီးဦးကိုင်လုပ်ခဲ့တဲ့ ဆရာဦးပြည့်စုံ ဖြစ်ပါတယ်။ ဆရာဦးပြည့်စုံဟာ ငယ်စဉ်ကတည်းက ရုပ်ရှင်ကို အင်မတန်စိတ်ဝင်စားပြီးတော့ ရုပ်ရှင်နောက်ကို တစိုက်မတ်မတ်လိုက်၊ ရုပ်ရှင်လောကသားတွေနဲ့ပေါင်းပြီးတော့ သူကိုယ်တိုင်က ရုပ်ရှင်လောကသားဖြစ်လာခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ အခု သူ့ရဲ့ဘဝအတွေ့အကြုံနဲ့ သူစုဆောင်းထားခဲ့တဲ့ ရုပ်ရှင်နဲ့ပတ်သက်တဲ့ အပိုင်းတွေကို ကျွန်တော်တို့ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**



**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ပါ ဆရာ။ ဆရာ ငယ်ငယ်ကတည်းက ရုပ်ရှင်ကို အင်မတန်ဝါသနာပါတယ်။ ရုပ်ရှင်ရုံတွေမှာလည်း လှည့်ပြီးတော့ ကြည့်ခဲ့တဲ့အကြောင်းတွေ ကျွန်တော် ဖတ်ရပါတယ်။ ရုပ်ရှင်နဲ့ကျွန်တော် ဆိုတဲ့ စာအုပ်ထင်ပါရဲ့။ အထူးသဖြင့် ဆရာ့ရဲ့ စာအုပ်တွေပေါ့လေ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတည်းက သွေးသောက်ဆိုတာက လည်းထွက်တော့ သွေးသောက်မှာဆိုရင် ရုပ်ရှင်အကြောင်းတွေလည်း ဖတ်ရတယ်။ နောက်တစ်ခုကတော့ စာပေါလောကပေါ့။ သွေးသောက်လာရင် စာပေါလောကကို လှန်ကြည့်ပြီးတော့ ဟာသလေးတွေ ရယ်ရတာလည်း ကျွန်တော် မှတ်မိနေပါတယ်။ အဲဒီအထဲကနေပြီးတော့ "ကြပ်ကလေး"နဲ့ နောက်တစ်ယောက် တွဲတယ် ဆရာ။ လဒ ဆိုပြီးတော့ မှတ်မိနေသေးတယ်။ ဆရာနဲ့တွေ့တော့ ကျွန်တော်မေးတာ။ "ဆရာရေ လဒ ဆိုတာ ဘယ်သူလဲ" ဆိုတော့ "ကျွန်တော်ပါ" ဆိုတာလေ။

**ဦးပြည့်စုံ** ။ ။ "လဒ"ဆိုပြီး မှည့်ဖြစ်



အမည် - ဦးပြည့်စုံ
(၃. ၃. ၁၉၂၇ - ၁၆. ၉. ၂၀၁၃)
အနုပညာအမည် - ပြည့်စုံ
- စိန်မှုတ်လုံး (ရုပ်ရှင်ဝေဖန်ရေး)
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - စာရေးဆရာ
- သွေးသောက်မဂ္ဂဇင်းအယ်ဒီတာချုပ်

တာက တိုးတက်ရေးမှာ ကျွန်တော်တို့နဲ့ ပုံနှိပ်တာကိုး။ ဘလောက်တွေ အဟောင်းတွေ တွေ့တာနဲ့



မအေးကြည်

အဲဒီမှာ လဒရုပ်လေးတွေ့တာနဲ့ အဲဒါကောက်ယူလိုက်တာပဲ။ ဦးကြည်မောင်ကိုလည်း ကျွန်တော်က နောက်တယ်။ ဦးကြည်မောင်က လင်းယုန်ဆိုတော့ ကျွန်တော်က လဒ ဆိုပြီးတော့ ပြန်လုပ်တာပေါ့။ ဒေါ်တင်လှိုင်နဲ့ကတော့ သိပ်ခင်တယ်။ မောင်နှမတွေလိုပဲလေ။ သူကလည်း အကူအညီတော်တော်ပေးပါတယ်။

**ကြည်စိုးထွန်း** ။ ။ သွေးသောက်တို့ ရုပ်ရှင်မျက်မှန်တို့ ဆိုတာ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ကျွန်တော် တို့ကို ရုပ်ရှင်လမ်းကြောင်းပေးတဲ့ စာအုပ်တွေပေါ့။ ဒီနေ့အထိလည်း အဲဒီစာအုပ်တွေရဲ့ ကျေးဇူးကို ကျွန်တော် မမေ့ပါဘူး ဆရာ။ သွေးသောက်မှာလည်း ရုပ်ရှင်အကြောင်း တွေကို တစိုက်မတ်မတ် ဖော်ပြခဲ့တာကိုလည်း ကျွန်တော်တွေ့ပါတယ်။ နောက် ဆရာကတော့ ရုပ်ရှင်လောကမှာဆိုရင်လည်း ငယ်ငယ်ကတည်းက ကျင်လည်လာပြီး



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယကမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

တော့ကြီးတဲ့အခါမှာဆိုရင်လည်း ရုပ်ရှင်ထဲမှာ ဆရာ သရုပ်ဆောင်လုပ်တာပါ ကျွန်တော်တွေ့ပါတယ်။ ဆရာ ရွှေဒုံးဘီအောင်ရဲ့ကားထဲမှာ



ဦးညဏ

ထင်တယ်။ မှတ်မိသေးတယ်။ ဆရာရေးထားတာလေးတစ်ခု။ မိုးရွာထဲမှာ ထမင်းကျန် ဟင်းကျန်တွေ စားပြီးတော့ အိုက်တင်လုပ်ရတဲ့ အကြောင်းလေ။ ဆရာဟာ ဇာတ်ညွှန်းတွေလည်း အများကြီးရေး၊ ဒါရိုက်တာအဖြစ်လည်း အများကြီးရိုက်၊ နောက် ကျွန်တော်တို့နဲ့တောင်မှ သူတို့ခေတ်နဲ့ သူတို့အရွယ် ဆိုတဲ့ ၁၉၉၅ ခုနှစ် ထင်တယ်နော် ဆရာ။ ရုပ်ရှင်စိန်ရတုပေါ့။ အဲဒီတုန်းက ဆရာ့ဇာတ်ညွှန်းတွေလည်း ရိုက်ခဲ့ရပါသေးတယ်။ အခု ဆရာနဲ့တွေ့တော့ သိချင်တာကတော့ ဆရာရယ်၊ ငွေရတုခေတ်ပေါ့လေ။ မြန်မာ့ရုပ်ရှင်စတာက ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့ မြန်မာ့ရုပ်ရှင် မွေးတဲ့နေ့ပေါ့ ဆရာ။ အဲဒီကနေပြီးတော့ ဒီဘက်မှာ အသံတိတ်ခေတ်လောက်ထိအောင်ပေါ့လေ။ အဲဒီခေတ်အထိ ဆရာ မှတ်မိခဲ့တဲ့ ရုပ်ရှင်ကားတွေ၊ မှတ်မိခဲ့တဲ့ ဒါရိုက်တာတွေ၊ ဆရာမှတ်မိခဲ့တဲ့ မင်းသား မင်းသမီးတွေ အကြောင်း ကျွန်တော် သိချင်ပါတယ်။ အဲဒီတော့ အများကြီးပဲ နေမှာပါပဲ။ စစချင်း ပထမဆုံး မြန်မာ့ရုပ်ရှင်ကားဖြစ်တဲ့ "မေတ္တာနဲ့ သူရာ" ဆိုတဲ့ ဇာတ်ကားနဲ့ပတ်သက်ပြီးတော့ မှတ်မိတာလေးတွေကနေ စပြီးတော့ ပြောပေးပါဦး ဆရာ။ ဆရာပြောတာလေး ကျွန်တော် နားထောင်ချင်ပါတယ်။

**ဦးပြည့်စုံ** ။ ။ "မေတ္တာနဲ့သူရာ"ကတော့ ဆရာပီမိုးနင်းရဲ့ ဇာတ်လမ်းပေါ့။ "မေတ္တာနဲ့ သူရာ"က တော်တော်လေးကို ရိုက်တာကလည်း ခဲခဲယဉ်းယဉ်း။ နောက်ဆုံး ဦးညီပုတို့ ပြောပြတော့ ရိုက်နေတုန်း မင်းသမီးက ခြံထဲက သူဌေးသားနဲ့ လိုက်ပြေးတော့ ကျွန်တော်တို့မှာ မင်းသမီး လိုက်ရှာရတယ်။

**ကြည်စိုးထွန်း** ။ ။ မအေးကြည်



ဦးဘဇင်

**ဦးပြည့်စုံ** ။ ။ မရီ မရီ၊

**ကြည်စိုးထွန်း** ။ ။ အပြင်နာမည်က မအေးကြည်၊ အတွင်းနာမည်က မရီပေါ့။

**ဦးပြည့်စုံ** ။ ။ အဲဒါနဲ့ သူဌေးသားက ပေးမရိုက်ဘူး သူ့မိန်းမကို။ မနည်းတောင်းပန်တော့မှ ရတယ်။

**ကြည်စိုးထွန်း** ။ ။ မင်းသမီး ယောကျ်ားနောက် လိုက်သွားလို့ အဲဒီကားက တန်းလန်းဖြစ်သွားတယ်။

**ဦးပြည့်စုံ** ။ ။ မရီရဲ့ ဆင်ယင်ထုံးဖွဲ့ပုံ ဆံထုံးလေးတွေက အခုခေတ်ဆို အဘွားကြီးပဲထုံးတာကိုး။ အဲဒါကို ကျွန်တော့်မိတ်ဆွေက ဟာ ဒါ မင်းသမီး မဖြစ်နိုင်ဘူးဆို၊ မဟုတ်ဘူး ဟိုတုန်းက ဆံထုံးဆိုတာ ဒီတိုင်းပဲလို့ ပြောပြတော့မှ ယုံသွားတယ်။ ''မေတ္တာနဲ့သူရာ''က တော်တော်ခက်ခက်ခဲခဲ ရိုက်ရတယ်။ ကင်မရာကိုလည်း ရှာရှာဖွေဖွေနဲ့ရိုက်ရပါတယ်။ ဦးအုန်းမောင်အကြောင်းလည်း ကျွန်တော်မြဝတီမှာ ရိုက်ဖူးတယ်။ ကင်မရာနှစ်လုံးကို တစ်လုံးဖြစ်အောင် လုပ်ရတာ၊ ဖလင်တောင်မရှိလို့ ဟိုကရှာ၊ ဒီက လုပ်ဆိုသလို လုပ်ရတယ်။ ဒါပေမယ့် နောက်ဆုံးကျတော့လည်း ကုသိုလ်ကံလိုက်တာက မနားမနေ ကြိုးစားတဲ့အတွက်ကြောင့် အစိုးရကနေပြီးတော့ ဝိလီယံဆင်ဆိုတဲ့ ကင်မရာကြီးကို မှာခွင့်ပေးတယ်။ အဲဒီတော့မှ ကားက သပ်သပ်ရပ်ရပ်နဲ့ ပြန်ဖြစ်သွားတယ်။ ပထမရိုက်တဲ့ဟာလည်း သုံးတာပေါ့လေ၊ နောက်ကင်မရာလည်းသုံးတယ်။ အဲဒီတုန်းက မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ မွေးဖွားလာခဲ့တာဆိုရင် တော်တော်လေးကောင်းပါတယ်။

**ကြည်စိုးထွန်း** ။ ။ ပထမ စရိုက်တဲ့အခါ ကျွန်တော် ကြားဖူးတာ



ဆရာခန့်

ကတော့ မင်းသား မင်းသမီးတွေကလည်း မိတ်ကပ်သဘော နားမလည်တော့ မျက်နှာချေပေါင်ဒါတွေနဲ့ ပုတ်ပြီးတော့ ရိုက်တယ်။ မျက်ခုံးမွေးဆိုရင်လည်း ဘာနဲ့လဲမသိဘူး၊ မီးခြစ်ဆံလိုဟာမျိုးနဲ့ ဆွဲတာလားမသိဘူး။

**ဦးပြည့်စုံ** ။ ။ မဟုတ်ဘူး။ တရုတ်မင်ချောင်း။ အမွေးတိုင်တွေရဲ့အပတ်ကလေးတွေက အနီပါတာကိုး။ အဲဒါတွေနဲ့ ဆိုးတာပေါ့။

**ကြည်စိုးထွန်း** ။ ။ နှုတ်ခမ်းဆိုးတာလား။

**ဦးပြည့်စုံ** ။ ။ ဟုတ်တယ် ဟုတ်တယ်။ ပြီးသွားတဲ့အခါကျတော့ ပထမ မြန်မာ့ရုပ်ရှင်ကတည်းက ဦးထွန်းရှိန် ဈာပနကို ဦးအုန်းမောင်တို့က ရိုက်ပြီးတဲ့အခါကျတော့ ကုလားက သူတို့ထုံးစံက ဟိုတုန်းက အပိုင်ဝယ်ရတာကိုး။ နိုင်ငံခြားကားလည်း အပိုင်ဝယ်ပြတာ။ တစ်ပေကို တစ်ကျပ်နဲ့ သူတို့ဝယ်တာ။ အဲဒါရောင်းလိုက်ရတယ်။ ကုလားကတော့ တော်တော်ပွသွားတာပေါ့။ ဦးအုန်းမောင်တို့ကတော့ အဖတ်တင်တာ နာမည်ကျော်တာပဲ ရှိတယ်။

**ကြည်စိုးထွန်း** ။ ။ ဘယ်လောက်လောက် ရှိမလဲ ဆရာ၊ ပေ ၂၀၀ လောက်ရှိမလား။

**ဦးပြည့်စုံ** ။ ။ ပေ ၂၀၀၊ ပေ၂၀၀။

**ကြည်စိုးထွန်း** ။ ။ ပေ ၂၀၀ ဆိုတော့ ငွေ ၂၀၀ ရတာပေါ့။

**ဦးပြည့်စုံ** ။ ။ ''မေတ္တာနဲ့ သူရာ'' ကျတော့ မရောင်းဘူး ဆိုပြီးတော့ ရုံလိုက်ရှာတော့ ဘီအေအေဂရောင်းရှေ့မှာ။

**ကြည်စိုးထွန်း** ။ ။ အခုဗိုလ်ချုပ်အောင်ဆန်း ဘောလုံးကွင်းပေါ့။

**ဦးပြည့်စုံ** ။ ။ အောင်ဆန်းကွင်းပေါ့။ ဘူတာရုံရှေ့က။ အဲဒီမှာ သူတို့က မီးစက်ကလည်း လမ်းကြိတ်စက်နဲ့ တွဲရတာ။ လမ်းကြိတ်စက်မောင်းတော့မှ အဲဒီကရတဲ့ current နဲ့ ရုပ်ရှင်ပြရတယ်။ နေရာကလည်း သိပ်ခေါင်တော့ ဘယ်သူမှ မသိဘူး။

**ကြည်စိုးထွန်း** ။ ။ အဲဒီတုန်းက အဲဒီနေရာက ခေါင်တယ်ပေါ့။

**ဦးပြည့်စုံ** ။ ။ အဲဒီတုန်းက ကျွန်တော်တို့တွေက မသိဘူးပေါ့ဗျာ။ သမိုင်းဆိုတာက နှိုက်ရင်းနှိုက်ရင်းနဲ့ပဲ အမှန်ကိုတွေ့တာပေါ့။ အဲဒီတော့ ကျွန်တော်က အဲဒီမှာ သွားတွေ့တာက အောက်တိုဘာ ၁၃ ရက် ရွှိုင်ရယ်ရုံကို ဦးညီပုတို့ သွားပြောတော့ ဆရာကြီး ဆရာကြီးတို့က နိုဝင်ဘာ ၃ ရက်လို့ ပြောထားတယ်။ ဟုတ်တယ်တဲ့၊ နိုဝင်ဘာ ၃ ရက်က Second Show တဲ့။ ဒါက ပထမပြတာ၊ ဘယ်သူမှမကြည့်လို့။

**ကြည်စိုးထွန်း** ။ ။ စီနီမာဒီပဲရစ်မှာ ထင်တယ်၊ နိုဝင်ဘာ ၃ ရက် ပြတာက။

**ဦးပြည့်စုံ** ။ ။ ရွှိုင်ရယ်ရုံ ပြတဲ့အကြောင်းကို ဦးဘဂျမ်းက ရေးထားတယ်။ ဒါပေမယ့် သူက ဘယ်နေရာရယ်လို့ မပြောဘူး။ ရွှိုင်ရယ်စီနီမာလို့ပဲ ပြထားတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒီရုံက ရွှက်ထည်ရုံ ထင်ပါတယ်နော် ဆရာ။ နောက်ကျတော့ ပြောင်းသွားတယ် ထင်တယ်။ ရုံတွေရဲ့သမိုင်းကို ကြည့်လိုက်တော့ ဆရာရယ် အဲဒီဘီအေအေဂရောင်းကဟာလည်း ပျောက်တယ်။ ကျွန်တော်တို့ ခုနက စီနီမာဒီပဲရစ်တို့ အယ်လဖင့်စတုန်းတို့ဆိုတဲ့ အဲဒီ ဗိုလ်ချုပ်ဈေးထဲကဟာတွေလည်း နောက်ကျတော့ ဟိုဘက်ရွှိုင်ရယ်တို့ ပြောင်းသွားတာပေါ့နော် ဆရာ။ ဟုတ်ပါပြီ ဆရာ၊ အဲဒီတော့ အခုဟာက ဘားမားဖလင်က ပေါ့နော်။

**ဦးပြည့်စုံ** ။ ။ ဘားမားဖလင် ဆိုတာက ဦးအုန်းမောင်တို့ Share Holder တွေပဲ။ ဒါပေမယ့် ခုနစ်ကားပဲ ရိုက်ရတယ်။ သတင်းကားပါနဲ့ဆို ရှစ်ကားပေါ့။ ''တစ်သက်လုံး ဖုံးသမျှ ကုန်းတော့မှပေါ်'' ဆိုတဲ့ကား။ သူက အမှန်က နာမည်က "ချစ်သမျှကို"ဗျ။ ဒါပေမယ့် တွင်သွားတာက "တစ်သက်လုံး ဖုံးသမျှ ကုန်းတော့မှပေါ်" ဆိုတဲ့ကား မြေးလေးကို ဆင်လုပ်စီးခိုင်းတာ။

**စာမျက်နှာ ၉ သို့** ❖

❖ စာမျက်နှာ ၈ မှ



**ကြည်စိုးထွန်း** ။ ။ ဆရာဦးသုခက နေပြီးတော့မှ ကောလိပ်ဂျင်နေဝင်းနဲ့။

**ဦးပြည့်စုံ** ။ ။ "အကာက အချစ် အနှစ်က မေတ္တာ"

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ် ဆရာရယ်။

**ဦးပြည့်စုံ** ။ ။ ဆရာကတော့ ပြောင်းလိုက်တယ်လေ။ သူက ဒေါ်စိန်ခင်ကို ထည့်လိုက်တယ်။ ဟိုတုန်းကတော့ လူရွှင်တော်ဗျ။ လူရွှင်တော် အဘိုးကြီး သူက ပို့ရတဲ့ ဇာတ်ပို့ပေ့ါ။

**ကြည်စိုးထွန်း** ။ ။ ဒီမှာတော့ဒေါ်စိန်ခင်က ခြောက်ထောင်နဲ့စပြီးတော့ လုပ်တာပေ့ါ။

**ကြည်စိုးထွန်း** ။ ။ ဟိုတုန်းက သုံးသောင်း ခြောက်ထောင်ကလည်း အများကြီးပေ့ါ။

**ဦးပြည့်စုံ** ။ ။ အများကြီးပေ့ါ။ အခုဆို သိန်းပေါင်းများစွာပေ့ါ။ အဲဒါ သူတို့တွေ ပထမဇာတ်ထုပ် ကိုးထုပ်ကို သုံးနှစ်အတွင်းမှာ ရိုက်တာ။ "ဗုဒ္ဓဝင်"ဆိုတဲ့ကားမှာ ကုမ္ပဏီက တော်တော်လေး ယိုင်သွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဗြိတိသျှ ဘားမားက စရိုက်တာက။

**ဦးပြည့်စုံ** ။ ။ "သစ္စာနဲ့ မေတ္တာ"က စရိုက်တယ်။

စရိုက်တာပဲလား ဆရာ။

**ဦးပြည့်စုံ** ။ ။ ဟုတ်တယ်။ စတန့်ကား မဟုတ်ဘူး။ သူက အက်ရှင်ဆိုတာကတော့ သေနတ်ပစ်ရတယ်၊ ဓားပြတိုက်တာတို့ ဘာတို့၊ တိုက်တာ၊ ခိုက်တာတွေပေ့ါ။ နောက် ၁၉၃၀ ကျတော့ ကုမ္ပဏီ လီမိတက်ဖြစ်သွားတယ်။ ဦးညွန့်က တော်တော်များများ ပိုင်သွားတာပေ့ါ။

**ကြည်စိုးထွန်း** ။ ။ ဦးညွန့်ကတော့ စနစ်ကျတယ်၊ စည်းကမ်းရှိတယ်၊ နောက်ပြီးတော့ အုပ်ချုပ်ရေးကောင်းတယ်၊ လူတွေကိုလည်း ပျော်အောင်မွေးထားတယ် ဆိုတော့ ကားထွက်လည်းများတယ်၊ နာမည်လည်း ကြီးတယ်။

**ဦးပြည့်စုံ** ။ ။ သူက ချီးမြှင့်ထိုက်တဲ့သူကို ချီးမြှင့်တာ၊ ရောက်တာနဲ့ မောင်ရင် အိမ်ဆောက်ဆိုပြီးတော့ Advance ငွေ ပေးလိုက်တာ။ ဇာတ်လိုက်တွေ၊ ဒါရိုက်တာတွေကို တစ်ခါတည်း အိမ်ကို အရင်ဝယ်ခိုင်းတာ။

**ကြည်စိုးထွန်း** ။ ။ ဗြိတိသျှဘားမား ကနေပြီးတော့ ထင်ထင်ရှားရှား ထွက်လာတဲ့ ဒါရိုက်တာတွေက ဘယ်သူပါလဲ ဆရာ။

**ဦးပြည့်စုံ** ။ ။ ဦးညွန့်ကလည်း စနစ်ကကောင်းတယ် လေ။ ကောင်းတာက ဦးဉာဏကို သူက ဆရာတင်ထားတာကိုး။ စာရေးဆရာပေ့ါ။ အဲဒီတော့ ဦးဉာဏကနေပြီးတော့ ကဏ္ဍခွဲတာကိုး။ ဥပမာ





ကျော်မိုး


ဆရာရွှေ


ဦးအောင်မြတ်


ကျားဦးသိန်းမောင်

ဆရာ။

**ဦးပြည့်စုံ** ။ ။ "မင်းအာဏာက မူလဇာတ်ကားက ဝေါလေ့စ် ဘယ်ရီပါတဲ့ အင်္ဂလိပ်ကား။ အဲဒီဟာကို ဦးမောင်ကြီးကလည်း ယူရိုက်တယ်။ "ဝတ္တရား" ဆိုပြီးတော့။ နောက်ပြီးတော့ ဦးဉာဏကလည်း "မင်းအာဏာ"ဆိုပြီးတော့ ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဦးဉာဏက ရိုက်တာလား။

**ဦးပြည့်စုံ** ။ ။ ဦးဉာဏက ရေးတာ၊ စတားရုံမှာ ပြတာပေ့ါ။

**ကြည်စိုးထွန်း** ။ ။ မင်းသားတွေကရော။

**ဦးပြည့်စုံ** ။ ။ မင်းသားက"ကျော်ညွန့်" နဲ့ "ချစ်ရွှေ"နဲ့။

**ကြည်စိုးထွန်း** ။ ။ ဆရာ ရေးထားတာတွေ့တယ်။ ဆရာက အကယ်ဒမီရသွားတာပဲ ဆရာ။

**ဦးပြည့်စုံ** ။ ။ ကောင်းပါတယ်၊ ဆရာ ပြောင်းလိုက်တာကိုး။

**ကြည်စိုးထွန်း** ။ ။ ဘားမား ဖလင် ပြီးတော့ကာ ပေါ်လာတဲ့ကုမ္ပဏီက။

**ဦးပြည့်စုံ** ။ ။ ဘားမားဖလင် ပြီးတဲ့နောက်မှာ မြန်မာအဆွေပဲ။ မြန်မာအဆွေကို ဦးအုန်းမောင်ကနေ ရှယ်ယာခွဲလိုက်ပြီးတော့ အဲဒီက ကားထုပ်တွေကို မြန်မာအဆွေကို ငှားခိုင်းတာ။ မြန်မာအဆွေက ယူလိုက်ရတာပေ့ါ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့နဲ့ တော်တော်ဝေးသွားပြီဆရာ။ ကျွန်တော်တို့ မွေးတောင်မမွေးသေးဘူး။ အဲဒီတော့ ဘားမားဖလင်က ရုပ်ရှင်ကားတို့၊ နောက်တစ်ခါ မြန်မာအဆွေက ရုပ်ရှင်ကားတို့ ကျွန်တော်တို့က မကြည့်ခဲ့ရဘူး ဆရာ။ ကျွန်တော်တို့က ဘယ်ခေတ်ရောက်မှ ကြည့်ရလဲဆိုတော့ အေဝမ်းကုမ္ပဏီတို့၊ နောက်တစ်ခါ ဗြိတိသျှဘားမားကုမ္ပဏီတို့၊ နောက်တစ်ခုက ပဲရေှတို့ ဒါတွေကျတော့ ကျွန်တော်တို့နဲ့ ရင်းနှီးလာတာပေ့ါ။ အဲဒီတော့ ဗြိတိသျှဘားမားကုမ္ပဏီက ထွက်တဲ့ကားတွေနဲ့ ဒါရိုက်တာတွေအကြောင်းလည်း ပြောပေးပါဦးဆရာ။

**ဦးပြည့်စုံ** ။ ။ ဦးငြိမ်းမောင် ဆိုတာ ကင်မရာမန်း။ ဦးညွန့်ရယ်၊ ဦးငြိမ်းမောင်ရယ်၊ ဦးဘထွန်းဆိုတာ တူပေ့ါ။ ဦးသစ်တို့၊ ဦးအုန်းဖေတို့၊ ဦးဘဉာဏ်တို့၊ ဦးစံတို့၊ ဦးဖိုးဆင်တို့၊ ဦးမောင်ကြီးတို့၊ ဦးဘကျော်တို့ကလည်း ငွေရင်း သုံးသောင်း


ကျော်ညွန့်

**ကြည်စိုးထွန်း** ။ ။ အဲဒါလေး ကတော့ အောင်မြင်သွားတယ်။

**ဦးပြည့်စုံ** ။ ။ အဲဒါကတော့ ကာလပေါ်တွေကိုး။ နောက်ဆုံး "ဗုဒ္ဓဝင်" သွားရိုက်တာမှာ ယိုင်သွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် ဘယ်လိုကြောင့်လဲ ဆရာ။

**ဦးပြည့်စုံ** ။ ။ ယိုင်သွားတာက ၁၉၂၅ မှာ မန္တလေးတက်ရိုက်တော့ ကားကလည်း မပြီးဘူး။ ရုံတောင် မတင်လိုက်ရဘူးထင်တယ်။ ကုမ္ပဏီက ယိုင်သွားတာမှာ စိတ်ပျက်သွားပြီး ရှယ်ယာတွေ ပြန်ခေါ်ပြီးတော့ စတန့်ကားရိုက်တာပေ့ါ။ "မင်းခေါင်" တို့၊ "ရဲခေါင်" တို့ ဆရာခန့်ကနေ ရိုက်တော့မှ ပြန်ပြီးတော့ ပိုက်ဆံရတယ်။ အက်ရှင်ကား ရိုက်တာပေ့ါ။

**ကြည်စိုးထွန်း** ။ ။ အက်ရှင်ကားက အဲဒါ


ချစ်ရွှေ

ဦးဘဇင်ဆိုသိုက်သမိုင်း၊ ဆရာခန့်ဆိုအဆို၊ အက။

**ကြည်စိုးထွန်း** ။ ။ ဒါဆို ဂ္ဂတ္တိယတို့ ဘာတို့က ဆရာခန့်ပေ့ါ။

**ဦးပြည့်စုံ** ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။ နောက်ပြီးတော့ ကျော်မိုးဆိုရင် စတန့်ကား၊ ဆရာရွှေတို့၊ ဆရာရွှေ အရင်ရိုက်တာပေ့ါ။ ဆရာရွှေရိုက်ပြီးမှ ကျော်မိုးရောက်လာတာ။ ဦးအောင်မြတ်တို့ ဘာတို့က စတန့်တွေ။ အဲဒီတော့ သူ့ကဏ္ဍနဲ့သူပေ့ါ။ ဦးဉာဏဆိုရင် ခေတ်ပြုပြင်ရေး သူက။ ဦးဉာဏကတော့ တကယ် ကုမ္ပဏီမှာ အန္တေဝါသိကပေ့ါဗျာ။ ဆရာကြီးပေ့ါ။

**ကြည်စိုးထွန်း** ။ ။ ဆရာကြီးလည်း ဖြစ်လောက်ပါတယ် ဆရာရယ်။ စိတ်ကူးဉာဏ်ကောင်းတာကိုး။

**ဦးပြည့်စုံ** ။ ။ ဟာ ဦးဉာဏက တကယ် ဘရိန်းကောင်းတဲ့ ပုဂ္ဂိုလ်


ခင်မောင်ရင်

ပဲ ဟုတ်တယ်မဟုတ်လား။ အဲဒီတော့ ဗြိတိသျှဘားမားက ကြီးပွားတာ ဦးဉာဏကြောင့်ပဲ။

**ကြည်စိုးထွန်း** ။ ။ ဆရာ၊ အခု ဗြိတိသျှဘားမား အကြောင်း ပြောတဲ့အထဲမှာ ကျားဦးသိန်းမောင်ဆိုတာ ကျွန်တော်ကြားဖူးတယ်ဆရာ။ ကျားဦးသိန်းမောင်လို့ ဘာကြောင့် အဲဒီနာမည်ရသွားတာလဲ ဆရာ။

**ဦးပြည့်စုံ** ။ ။ ကျားဆိုတဲ့ ဇာတ်ကားရိုက်တယ်လေ။

**ကြည်စိုးထွန်း** ။ ။ ဩော် ကျားဆိုတဲ့ ဇာတ်ကားရိုက်လို့ ကျားဦးသိန်းမောင်လို့ ခေါ်တာပေ့ါ။ ကျားဦးသိန်းမောင်ရိုက်တဲ့အထဲမှာ ညီအစ်ကိုနှစ်ယောက်ဇာတ်လမ်းရှိတယ် ဆရာ။

**ဦးပြည့်စုံ** ။ ။ ဩော်အဲဒါ"မင်းအာဏာ"။

**ကြည်စိုးထွန်း** ။ ။ "မင်းအာဏာ" အကြောင်း ပြောပါဦး


ဦးမောင်ကြီး

အဲဒီကားထဲမှာ မျက်ရည်တောင်ကျတယ်ဆိုတာ ပြောပြပါဦး ဆရာ။

**ဦးပြည့်စုံ** ။ ။ ဟုတ်ကဲ့ ကျွန်တော်က သိပ်ဖီလင် များလွန်းအားကြီးတယ်။ အဲဒီကားက ကောင်းလွန်းအားကြီးလို့ ဘတ်စ်ကားသမားတွေဆို မင်းအာဏာသီချင်းပဲဆိုနေတာ။

**ကြည်စိုးထွန်း** ။ ။ သီချင်းလေးက ဘယ်လိုလဲ ဆရာ။

**ဦးပြည့်စုံ** ။ ။ သီချင်းက "ကိုကိုရယ် ရာထူးတိုးအောင် ညီညီ အဖမ်းခံပါ့မယ်" ဆိုတာ ပိုထိတာပေ့ါ။ "ဝတ္တရား" ကတော့ သားအဖသွားလုပ်တော့ သားအဖကျတော့ ခင်မောင်ရင်နဲ့ ဦးမောင်ကြီးနဲ့။ သားအဖကဒီလောက် မလွမ်းရဘူးပေ့ါ။ ညီအစ်ကိုကတော့ ပိုထိတာပေ့ါ။

(ဆက်လက်ဖော်ပြပါမည်)

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၁ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ "မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"သို့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ နမ့်မှော်ကျေးရွာ၊ တောင်ပေါ်ဖိုးခန်းများတွင် လူဦးရေ (၅၀)ခန့်သည် ဈေးတန်းကြီးသဖွယ် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၁၉ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ နမ့်မှော်ကျေးရွာ၊ နမ့်မှော်တောင်ပေါ်သွား လမ်းဘေးနေ ဖိုးထူး(ခ) ကျော်ဇင်လတ် (၄၁)နှစ်၊ (ဘ)ဦးကျော်လွင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖားကန့်) မယ(ပ)၂၂၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ပင်းဘောကျေးရွာနေ ဝင်းထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၀-၂၀၁၉ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ ပင်းဘောကျေးရွာနေ ဝင်းထွန်း(ခ)ဖိုးဝ(၄၇)နှစ်၊ (ဘ)ဦးမောင်ညို၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပင်းဘော) မယ(ပ)၁၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဟင်သော်ကျေးရွာနေ ရာဇာအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဟင်သော်ကျေးရွာနေ ရာဇာအောင်(၃၉)နှစ်၊ (ဘ)ဦးညွန့်အောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ) မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နန့်သာကျေးရွာအုပ်စု၊ ဝေစံအောင်ရွှေမှော်နေ ကြည်ညွန့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၀-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ နန့်သာကျေးရွာအုပ်စု၊ ဝေစံအောင်ရွှေမှော်နေ ကြည်ညွန့်(၃၉)နှစ်၊ (ဘ) ဦးဖေဆိုင်၏နေအိမ်အား ဝင်ရောက် ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မိုင်းကိုင်း) မယ(ပ) ၈၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့် မြို့နယ်၊ မောင်းကုန်းကျေးရွာနေ မိုးထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၀-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာနေ မိုးထွန်း(၃၈)နှစ်၊ (ဘ)ဦးပိုလေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်)မယ(ပ)၅၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ သမ္မန်ဆိပ်အနီးတွင် လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၀-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ သမ္မန်ဆိပ်အနီး လူနေထိုင်ခြင်းမရှိသည့် ဆောက်လက်စတိုက်ခန်း၌ ၎င်းရပ်ကွက်၊ သစ္စာနွယ်လမ်းနေ အောင်ကိုလင်း(၁၉)နှစ်၊ (ဘ)ဦးကိုလင်း၊ ယုဇန(၁)လမ်းနေ အောင်ဖြိုးကျော်(၂၂)နှစ်၊ (ဘ)ဦးမောင်ကျော်နှင့် ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနေ ဝင်းညီညီဇင် (၁၉)နှစ်၊ (ဘ)ဦးဇော်ဝင်းတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ(ပ)၄၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ လဲမားကျေးရွာနေ စောအောင်၊ မောင်ဘွား၊ မျိုးနိုင် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ လဲမားကျေးရွာနေ စောအောင် (ခ) စိုးအောင် (၄၀) နှစ်၊ (ဘ) ဦးဘိုဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်)မယ(ပ)၅၅/၂၀၁၉၊ မူး/စိတ် ပုဒ်မ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ မောင်ဘွား (၄၄)နှစ်၊ (ဘ)ဦးဘိုဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၅၆/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ မျိုးနိုင် (ခ)နိုင်လင်း(၂၉)နှစ်၊ (ဘ)ဦးပေါ်ရာ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်)မယ(ပ)၅၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်နေ သက်ပိုင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ဥတ္တံတား ရပ်ကွက်နေ သက်ပိုင်ဦး(၂၄)နှစ်၊(ဘ)ဦးခင်မောင်အေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ(ပ)၅၈/၂၀၁၉၊မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ကွန်းချောင်းကျေးရွာနေ လှမျိုးအောင်နှင့် ခွေးဟောင်တုံးကျေးရွာနေ ဇော်မင်းထိုက်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၀-၂၀၁၉ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ဆိပ်ပင်အိုက် ကျေးရွာတောအတွင်း၌ ကွန်းချောင်းကျေးရွာနေ လှမျိုးအောင် (၄၀)နှစ်၊ (ဘ)ဦးကြည်မောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ(ပ)၈၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ခွေးဟောင်တုံးကျေးရွာနေ ဇော်မင်းထိုက်(၄၁)နှစ်၊ (ဘ)ဦးပေါက်ဒီ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း) မယ(ပ)၈၇၈/ ၂၀၁၉၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂-၁၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၈၂၅) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၀၆၉)ဦး၊ မ(၂၀၃)ဦး၊ ပေါင်း(၁၂၇၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၀၅၆.၆၈၉၄)ဂရမ်၊ ICE (၁၃၄၁.၉၂)ဂရမ်၊ ဘိန်း(၃၉၉၉၉.၆၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၂၉၃၄.၉၂) ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၉၄၅၀၆)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၉.၁၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |



## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၀၂ / ၂၀၁၉ )
၁၃၈၁ခုနှစ်၊တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် )

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြား ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၇.၅.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၈/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ကြည်း ၁၇၃၄၀<br>ဗိုလ်မှူးချုပ် အောင်ကျော်ငြိမ်း | အစား | ကြည်း ၁၈၈၄၁<br>ဗိုလ်မှူးချုပ် တင့်ဆန်း |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၀၃ /၂၀၁၉ )
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် )

**တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ်လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြား ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၂၁. ၈. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၀/၂၀၁၇)နှင့် ၃၀. ၁၀. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၅/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| ( ၁ ) | ကြည်း ၃၈၃၄၀<br>ဗိုလ်မှူးပြည့်ဖြိုးဟန် | အစား | ကြည်း ၂၇၃၆၅<br>ဗိုလ်မှူးကျော်စိုးသန့် |
| ( ၂ ) | ကြည်း ၃၄၀၄၂<br>ဗိုလ်မှူးအောင်ကိုမင်း | အစား | ကြည်း ၃၂၄၃၂<br>ဗိုလ်မှူးပြည်ထွန်း |
| ( ၃ ) | ကြည်း ၁၇၅၁၇<br>ဗိုလ်မှူးကြီးထိန်လင်း | အစား | ကြည်း ၂၀၃၆၈<br>ဗိုလ်မှူးကြီးသန်းနိုင်ဝင်း |
| ( ၄ ) | ကြည်း ၂၆၇၇၁<br>ဗိုလ်မှူးကြီးစိုးရွှေ | အစား | ကြည်း ၂၀၂၀၃<br>ဗိုလ်မှူးချုပ် အောင်ဇော်ဦး |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခြောက်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၀၄ / ၂၀၁၉ )
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် )

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခြောက်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသ ကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြား ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၁၄ . ၁၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၈/၂၀၁၆) ၊ ၃၀.၁၀.၂၀၁၇ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၂၆/၂၀၁၇)နှင့် ၁၅ . ၅ . ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၆၃/၂၀၁၈)တို့တွင် ဖော်ပြထား သည့် အောက်ဖော်ပြပါ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၀၆၆၈<br>ဗိုလ်မှူးလှထွန်း | အစား | ကြည်း ၃၆၄၆၁<br>ဗိုလ်မှူးထက်နိုင်ဦး |

**မွန်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၂၁၃၈၄<br>ဗိုလ်မှူးစိုးသူရ | အစား | ကြည်း ၃၃၅၂၃<br>ဗိုလ်မှူးလှိုင်အောင်မင်း |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၃၈၇၈၃<br>ဗိုလ်မှူး သက်ဦးမောင် | အစား | ကြည်း ၃၂၄၁၈<br>ဗိုလ်မှူးကိုကိုဦး |
| (၄) | ကြည်း ၄၀၁၇၂<br>ဗိုလ်မှူးရဲနောင်ဦး | အစား | ကြည်း ၃၀၈၀၄<br>ဗိုလ်မှူးအောင်မျိုးဇော် |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | ကြည်း ၃၄၆၅၁<br>ဗိုလ်မှူးနေလင်းအောင် | အစား | ကြည်း ၄၂၉၃၇<br>ဗိုလ်မှူးကုဋေဖြိုးအောင် |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၄၈၃၇၃<br>ဗိုလ်ကြီးဇင်လင်း | အစား | ကြည်း ၆၀၁၅၉<br>ဗိုလ်ကြီးဇော်လင်းထွန်း |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**❍ တောင်ကြီးတန်ဆောင်တိုင်မှ**

ဆက်လက်၍ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ တန်ဆောင်တိုင်ပွဲတော်မီးပုံးပျံပြိုင်ပွဲ ဖွင့်ပွဲကို တိုင်းရင်း သားလူမျိုးရေးရာဝန်ကြီး ခုနစ်ဦးတို့က ဖွင့်လှစ်ပေးပြီး ရှမ်းရိုးရာယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး ရှမ်းလူငယ် အဖွဲ့(SYO)က ခေးသိုင်းအက၊ တိုးနရားအကနှင့် ကိန္နရီ ကိန္နရာအကတို့ဖြင့် ကပြဖျော်ဖြေ၍ ရွှေဥဒေါင်းအက မီး အလှအကဖြင့် ကပြဖျော်ဖြေကာ ရှမ်းပြည်နယ် တိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့တို့က တန်ဆောင်တိုင် တေးသီချင်း ပြိုင်ပွဲဆုရ တေးရေး၊ တေးဆို ဟိန်းကို(STH)ရေးစပ်သည့် “တို့ရှမ်းပြည်နယ် တန်ဆောင်တိုင်ပွဲ” သီချင်းဖြင့် ကပြ ဖျော်ဖြေကြသည်။

ထို့နောက် တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးဦးစီး ကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ စိန်နားပန် မီးပုံးပျံအကြီးနှစ်လုံးနှင့် မီးပုံးပျံငယ် အလုံး ၂၅၀၀ တို့ကို လွှတ်တင်ကြသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်တွင် ညလွှတ် ညမီးကြီး ၇၉ လုံး၊ စိန်နားပန် ၃၆ လုံးနှင့် နေ့လွှတ်အရုပ် ခြေနှစ်ချောင်း အလုံး ၁၅၀၊ ခြေလေးချောင်း ၉၄ လုံး၊ အုပ်စု ၃၅ လုံး၊ ညလွှတ်မီးပုံးပျံ စုစုပေါင်း ၁၁၅ လုံး၊ နေ့လွှတ် အရုပ် စုစုပေါင်း ၂၇၉ လုံး၊ ညလွှတ်မီးပုံးပျံနှင့် နေ့လွှတ်အရုပ် စုစုပေါင်း ၃၉၄ လုံးတို့ကို ယှဉ်ပြိုင်လွှတ်တင်သွားမည်ဖြစ် ကြောင်း သိရှိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**❒ ၂၀၁၉ ခုနှစ်မှ**

အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(၁)၌ ပဲခူးတိုင်းဒေသ ကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသ ကြီးအသင်း၊ ဝဏ္ဏသိဒ္ဓိအားကစား ကွင်း(၃)၌ ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပါသဖြင့် မိဘပြည်သူများအနေဖြင့် အခမဲ့လာ ရောက်ကြည့်ရှုနိုင်ပါကြောင်း သိရ သည်။

**ကြည်စိုးလင်း**

# ဓာတ်ရောင်ခြည်အန္တရာယ်ကင်းရှင်းမှု အခြေခံအဆောက်အအုံ အားကောင်းစေရေးဆိုင်ရာ စီမံကိန်း၏ ကာလလယ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းစည်းဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ပညာရေးဝန်ကြီးဌာနနှင့် အပြည်ပြည် ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) တို့ နည်းပညာ ပူးပေါင်းမှု အစီအစဉ်အရ ဆောင်ရွက် နေသည့် အာရှ-ပစိဖိတ်ဒေသတွင်း စီမံကိန်းတစ်ခုဖြစ်သော Strength-ening Radiation Safety Infrastru-cture (RAS/9/089) ဓာတ်ရောင်ခြည် အန္တရာယ်ကင်းရှင်းမှု အခြေခံ အဆောက်အအုံ အားကောင်းလာစေ ရေးဆိုင်ရာ စီမံကိန်း၏ ကာလလယ် ပြန်လည်သုံးသပ်ခြင်းနှင့် ညှိနှိုင်းအစည်း အဝေးကို နိုဝင်ဘာ ၄ ရက်တွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကျင်းပသည်။




ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ မှ ပါဝင်ဆွေးနွေးသူ ရှစ်ဦး၊ လေ့လာသူ ငါးဦး၊ အိုင်အေအီးအေမှ ကျွမ်းကျင်သူ ခြောက်ဦး၊ အိုင်အေအီးအေအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် တရုတ်၊ အင်ဒိုနီးရှား၊ အီရန်၊ အီရတ်၊ အစ္စရေး၊ ဂျော်ဒန်၊ ကူဝိတ်၊ လက်ဘနွန်၊ မလေးရှား၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ဆီးရီးယား၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ ကိုယ်စားလှယ် ၂၀ တို့ တက်ရောက်ကြသည်။

အစည်းအဝေးကို ပညာရေးဝန်ကြီး ဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်မောင်လတ်ဦးဆောင်၍ အိုင်အေ အီးအေမှ ကျွမ်းကျင်သူများနှင့်အတူ နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပ မည်ဖြစ်သည်။

အဆိုပါအစည်းအဝေးကို အိုင်အေ အီးအေ အဖွဲ့ဝင်နိုင်ငံများတွင် ဓာတ်ရောင်ခြည်အန္တရာယ်ကင်းရှင်း ရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Radiation Safety Information Management System – RASIMS) ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စီမံကိန်း အောက်တွင် ဆောင်ရွက်ခဲ့သော တိုးတက်အောင်မြင်မှုများကို ပြန်လည် သုံးသပ်ရန်၊ စီမံကိန်းလုပ်ငန်းအစီအစဉ် များနှင့်အနာဂတ်တွင်အကောင်အထည် ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ကို အတည်ပြုဆွေးနွေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်သည်။

အဆိုပါ RAS/9/089 စီမံကိန်းသည် ဓာတ်ရောင်ခြည်ကုထုံးခံယူနေသည့် ဝေဒနာရှင်များ၊ အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်အတွက် မလို လားအပ်သော ဓာတ်ရောင်ခြည် အန္တရာယ်မှကာကွယ်ရန်၊ အာရှ-ပစိဖိတ် ဒေသတွင်းရှိနိုင်ငံများ၏ ဓာတ်ရောင် ခြည် အန္တရာယ်ကင်းရှင်းရေး အခြေခံ အဆောက်အအုံများ အဆင့်အတန်း တိုးတက်လာစေရန်နှင့် အိုင်အေအီး အေ၏ ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများ အပြည့်အဝကိုက်ညီစေရန် ရည်ရွယ်၍ ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ် အထိ လေးနှစ်တာအကောင်ထည်ဖော် ကြိုးပမ်းဆောင်ရွက်မည့် စီမံကိန်းဖြစ် သည်။

မြန်မာနိုင်ငံတွင် ရေဒီယိုသတ္တိကြွ ပစ္စည်းများအား ဘေးကင်းလုံခြုံစွာ အသုံးပြုရေးနှင့်ပတ်သက်သော အစည်း အဝေးကို အိမ်ရှင်အဖြစ် ကျင်းပ ခြင်းဖြင့် မိမိတို့နိုင်ငံ၌ ဓာတ်ရောင်ခြည် အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ နှင့် သုတေသနများဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို ဖြေရှင်းနိုင်ခြင်း၊ နိုင်ငံတကာကျွမ်းကျင် ပညာရှင်များထံမှ အတွေ့အကြုံများ ရရှိနိုင်ခြင်း၊ ဓာတ်ရောင်ခြည်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက် နေသော ဝန်ထမ်းများအနေဖြင့် အိုင်အေအီးအေမှ ကျွမ်းကျင်ပညာရှင် များ၊ ဒေသတွင်းရှိ လုပ်ငန်းနယ်ပယ် တူသူများထံမှ အတွေ့အကြုံဗဟုသုတ များ အပြန်အလှန်မျှဝေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေမည် ဖြစ်သည်။

**အေဝမ်းစိုး**

# လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေး သီရိလင်္ကာသမ္မတ တောင်းဆို



**ကိုလံဘို နိုဝင်ဘာ ၄**
သီရိလင်္ကာသမ္မတ ဆီရီဆီနာသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရေး ရွေးကောက်ပွဲဝင်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအား တောင်းဆိုခဲ့ပြီး နိုင်ငံအတွင်း လက်ရှိမြင်တွေ့နေရသည့် ငြိမ်းချမ်းသာယာသောပတ်ဝန်းကျင်တစ်ခုအပေါ်တွင် ကျေနပ်မှုရှိကြောင်း နိုဝင်ဘာ ၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် လွတ်လပ်သော၊ တရားမျှတသော၊ ငြိမ်းချမ်းသာယာသော သမ္မတရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးများက သီရိလင်္ကာနိုင်ငံတွင် ဒီမိုကရေစီတောင့်တင်းခိုင်မာမှုကို ထင်ဟပ်စေခဲ့ကြောင်းလည်း သီရိလင်္ကာသမ္မတ ဆီရီဆီနာက ပြောကြားခဲ့သည်။

သီရိလင်္ကာသမ္မတရွေးကောက်ပွဲကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအား လုံခြုံရေးအစွမ်းကုန်ပေးရန်လည်း သမ္မတဆီရီဆီနာက အာဏာပိုင်အဖွဲ့အစည်းများအား ပြီးခဲ့သည့်လက အမိန့်ပေး ညွှန်ကြားခဲ့သည်။

သီရိလင်္ကာသမ္မတရွေးကောက်ပွဲသို့ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်း ၃၅ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် မဲပေးသူအရေအတွက် ခန့်မှန်း ၁၆ သန်းရှိမည်ဟု ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဗြိတိန်ပါလီမန်ဥက္ကဋ္ဌနေရာအတွက် ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်များဆောင်ရွက်

**လန်ဒန် နိုဝင်ဘာ ၄**
ဗြိတိန်ပါလီမန်ဥက္ကဋ္ဌ ဟောင်းဂျွန်ဘာကောနေရာတွင် အစားထိုးခန့်အပ်နိုင်ရန် ပါလီမန်ဥက္ကဋ္ဌသစ်အား ရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဘာကောသည် ဘရက်ဆစ်အရေးအား ပြင်ဆင်မှုများနှင့် ရှုပ်ထွေးသောလုပ်ငန်းစဉ်များကိုချမှတ်ခဲ့ပြီး ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးဆောင်ရွက်သည့် ပါလီမန်အမတ်များအား နှောင့်နှေးအောင် ဆောင်ရွက်ခဲ့သည်။

သို့သော် ဘာကော၏ ထူးခြားသော စွမ်းဆောင်မှုများကြောင့် နိုင်ငံတကာတွင် ၎င်းကိုယ်တိုင်နှင့် ပါလီမန်၏ ပုံရိပ်ကိုပါ ကောင်းမွန်သောအနေအထားသို့ ရောက်ရှိလာခဲ့သည်။ ဘာကော၏ လက်ထောက်ဖြစ်သူ လေဘာပါတီမှ ကိုယ်စားလှယ် လင်းဆေးဟိုလီကမူ အဆိပ်သင့်နေသော ပါလီမန်အား ပြန်လည်ပြင်ဆင်ရန် အချိန်ဖြစ်ကြောင်း သည်ဆန်းဒေးတိုင်မ်းသတင်းစာကို ပြောဆိုခဲ့သည်။ ဟိုလီကဘရက်ဆစ်အရေးအား ပြင်ဆင်မှုများနှင့် ပတ်သက်ပြီး ဆန့်ကျင်သောအမြင်ရှိပြီး ထိုကဲ့သို့ ဆန့်ကျင်ခြင်းအားဖြင့် ဒီဇင်ဘာ ၁၂ ရက်တွင် ရွေးကောက်ပွဲကျင်းပမည့် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ အစီအစဉ်ကို ခက်ခဲရန် ပြုလုပ်နေသည်။ ဟိုလီနှင့်အပြိုင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူတစ်ဦးမှာ ပါလီမန်တွင် သက်တမ်းအရှည်ဆုံး အမျိုးသမီးအမတ်တစ်ဦးဖြစ်သည့် ဟာရစ်ဟာမန်ဖြစ်သည်။ ၎င်းသည် အောက်လွှတ်တော်သို့ ၁၉၈၂ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး တရားရေးဝန်ကြီးဟောင်းဖြစ်ကာ လူမှုညီမျှရေးဆိုင်ရာကိစ္စရပ်များတွင် တိုက်ပွဲဝင်သူ အဖြစ်ထင်ရှားသည်။ ဂျာမန်ရုပ်မြင်သံကြားဌာနတစ်ခုက ဘာကောသည် ဖရိုဖရဲဖြစ်နေသော လွှတ်တော်အမတ်များအား အေးဆေးတည်ငြိမ်အောင် အကြိမ်ပေါင်းများစွာ ဆောင်ရွက်နိုင်သူအဖြစ် ချီးကျူးခဲ့ပြီး ဘယ်လ်ဂျီယံသတင်းစာတစ်စောင်က အစားထိုးမရနိုင်သူဟု အမွှမ်းတင်ခဲ့သည်။ ဘာကောသည် အောက်လွှတ်တော်၏ ပြုပြင်ပြောင်းလဲရေးများအား ဆောင်ရွက်ခဲ့ပြီး ၎င်းလုပ်ဆောင်ခဲ့သောအချက်များကြောင့် ဗြိတိန်၏ ဒီမိုကရေစီမှာ ပိုမိုခိုင်မာလာခဲ့ကြောင်း အတိုက်အခံခေါင်းဆောင် ဂျရမီကိုဘန်းက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ**



# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တရုတ်ဝန်ကြီးချုပ် လီခချန်းတို့ ဆွေးနွေး

**ဗန်ကောက် နိုဝင်ဘာ ၄**
တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဂျပန်နိုင်ငံသို့ လာရောက်မည့် ခရီးစဉ်အောင်မြင်စေရေးအတွက် အတူလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တရုတ်ဝန်ကြီးချုပ် လီခချန်းတို့က ပြောကြားသည်။

ရှင်ဇိုအာဘေးနှင့် လီခချန်းတို့သည် ယနေ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အာဆီယံထိပ်သီး ဆွေးနွေးပွဲ၏ ပြင်ပအစည်းအဝေး၌ တွေ့ဆုံခဲ့ကြသည်။ ဆွေးနွေးမှုများအစ၌ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တရုတ်သမ္မတ ရှီကျင့်ဖျင်၏ နိုင်ငံတော်အဆင့် ဧည့်သည်တစ်ဦးအဖြစ် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ရေး ဆုံးဖြတ်ချက်ကို သိသာထင်ရှားသော ဖြစ်ရပ်တစ်ခုအဖြစ် ရည်ညွှန်းပြောဆိုခဲ့သည်။ ဂျပန်နှင့် တရုတ် နှစ်နိုင်ငံစလုံးမှာ ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများအတွက်ပါ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် တာဝန်ရှိပါကြောင်း ၎င်းက ဆိုသည်။

ဂျပန်နှင့် တရုတ်ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ ပို၍ တိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း ရှင်ဇိုအာဘေးက ပြောသည်။ လာမည့်နှစ်လယ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် စီစဉ်ထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး**

# အမေရိကန်နှင့် အီရန်နှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာနေစဉ် သံရုံးသိမ်းယူသည့် နှစ် (၄၀)ပြည့် အထိမ်းအမှတ်အခမ်းအနား တီဟီရန်၌ ကျင်းပ

**တီဟီရန် နိုဝင်ဘာ ၄**
အီရန်နိုင်ငံ တီဟီရန်မြို့ရှိ အမေရိကန်ပြည်ထောင်စုသံရုံးဟောင်းအား သိမ်းယူသည့် နှစ်(၄၀)ပြည့်အထိမ်းအမှတ်အဖြစ် အီရန်နိုင်ငံ တစ်ဝန်းတွင် လူထောင်ပေါင်းများစွာ ပါဝင်သည့် ဆန္ဒပြအခမ်းအနားကို နိုဝင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သည်။

မြို့တော် တီဟီရန်တွင် ကျင်းပသည့် ယင်းအထိမ်းအမှတ် အခမ်းအနားတွင် လူထောင်ပေါင်းများစွာ စုဝေး၍ ယခင်အမေရိကန်သံရုံး အဆောက်အအုံဟောင်း ယခုအခေါ် သူလျှိုလုပ်ငန်း ဒုစရိုက်ရိပ်မြုံအမည်ရှိ အဆောက်အအုံအနီးတွင် အမေရိကန်ပြည်ထောင်စု၏ အီရန်အပေါ် ဆန့်ကျင်သည့် မူဝါဒများအပေါ် ပြစ်တင်ရှုတ်ချသည့် လက်ကိုင်ပိုစတာများ ကိုင်ဆောင်ဆန္ဒပြကြသည်။

အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးတို့အား ဆန့်ကျင်သည့် ကြွေးကြော်သံများကို ၎င်းတို့က ကြွေးကြော်ကြပြီး ယင်းနှစ်နိုင်ငံ၏အလံများကို မီးရှို့ခဲ့ကြကာ ယင်းနှစ်နိုင်ငံ၏ အရှေ့အလယ်ပိုင်းဒေသ၌ ချမှတ်ထားသည့်မူဝါဒများအား ဆန့်ကျင်သည့်လက္ခဏာများ ပြသခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုနှင့် အီရန်နှစ်နိုင်ငံအကြားတွင် ယခုနှစ်အတွင်း တင်းမာမှုများ မြင့်တက်လာစဉ်အတွင်း အဆိုပါဆန္ဒပြပွဲအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရအဖွဲ့က ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ပြီး ဖိအားပေးမှုများ တိုးမြှင့်ပြုလုပ်နေချိန်လည်းဖြစ်သည်။

၁၉၇၉ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် အီရန်နိုင်ငံ မြို့တော် တီဟီရန်မြို့ရှိ အမေရိကန်ပြည်ထောင်စု သံရုံးအဆောက်အအုံအား အီရန်ကျောင်းသားများက ဝင်ရောက်သိမ်းပိုက်ကာ သံရုံးဝန်ထမ်းများအား ရက်ပေါင်း ၄၄၄ ရက်ကြာ ဓားစာခံအဖြစ် ထိန်းသိမ်းထားခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးမှာ ၁၉၈၀ ပြည့်နှစ်အတွင်း ကျိုးပျက်ခဲ့ပြီး ယင်းသို့ဖြစ်ပွားခဲ့သည့် အချိန်ကတည်းက အမေရိကန်နှင့် အီရန်နှစ်နိုင်ငံအကြား၌ သံတမန်အဆက်အသွယ် ပြတ်တောက်နေခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

# ဗြိတိန်ကုန်တင်ကားပေါ် လူသေမှုနှင့်ပတ်သက်၍ လူရှစ်ဦးကို ဗီယက်နမ် ဖမ်းဆီး

**ဟန္နိုင်း နိုဝင်ဘာ ၄**
ဗီယက်နမ်နိုင်ငံသားများ ဖြစ်ဖွယ်ရှိသည်ဟု ယုံကြည်ရသည့် ဗြိတိန်နိုင်ငံရှိ ကုန်တင်ကားပေါ်တွင် တွေ့ရှိသည့် သေဆုံးသူ ၃၉ ဦးနှင့် ဆက်နွှယ်၍ လူရှစ်ဦးကို ထပ်မံဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့က ပြောကြားသည်။

ပြီးခဲ့သည့်လက အမျိုးသမီး ရှစ်ဦးနှင့် အမျိုးသား ၃၁ ဦးတို့ကို ဗြိတိန်နိုင်ငံအရှေ့ဘက် အက်ဆက်မြို့ရှိ စက်မှုပန်းခြံအတွင်း အအေးခန်းပါသည့် ကုန်တင်ကားတစ်စီးပေါ်တွင် သေဆုံးလျက်တွေ့ရှိခဲ့သည်။ ယင်းအဖြစ်အပျက်သည် ဗြိတိန်ကို တုန်လှုပ်စေခဲ့ပြီး ဥရောပသို့ ဗီယက်နမ်နိုင်ငံမှ တရားမဝင် ရွှေ့ပြောင်းသွားလာမှု၏ အလွန်တရာကြီးမားသည့် အန္တရာယ်ကို လှစ်ဟပြခဲ့သည်။

ဗြိတိန်ရဲတပ်ဖွဲ့က သေဆုံးသူများသည် တရုတ်လူမျိုးများဖြစ်သည်ဟု အစက ပြောကြားခဲ့သော်လည်း ဗီယက်နမ်မိသားစုများက ယင်းကုန်တင်ကားပေါ်တွင် ၎င်းတို့၏ ဆွေမျိုးများပါဝင်မည်ကို စိုးရိမ်ကြောင်း ပြောကြားကြသည်။ ယခုအချိန်ထိ သေဆုံးသူများသည် မည်သူမည်ဝါဖြစ်သည်ဟု တရားဝင် အတည်ပြုနိုင်ခြင်း မရှိသေးပေ။

သေဆုံးသူများသည် ငယ်အန်းပြည်နယ်အပါအဝင် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ပြည်နယ်နှစ်ခုမှ ရောက်လာခြင်းဖြစ်သည်ဟု ဆိုသည်။ ငယ်အန်းပြည်နယ်တွင် ယင်းလူသေမှုနှင့် ဆက်နွှယ်ပတ်သက်၍ လူရှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်ဟု မီဒီယာများက ဖော်ပြသည်။ ယင်းဖမ်းဆီးမှုကို ဗီယက်နမ်သတင်းအေဂျင်စီက အတည်ပြုသည်။ လူများကို တိုင်းတစ်ပါးသို့ တရားမဝင်သွားရောက်နေထိုင်ရန် ပွဲစားလုပ်မှု၊ စည်းရုံးမှုတို့အတွက် ၎င်းတို့ရှစ်ဦးသည် ဖမ်းဆီးထိန်းသိမ်းခြင်းခံရကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ပြောကြားသည်။

ယင်းလူသေမှုနှင့်ဆက်နွှယ်၍ ပြီးခဲ့သည့် သီတင်းပတ်က ဟာတင်းပြည်နယ်မှ အခြားသံသယရှိသူနှစ်ဦးကို ဖမ်းဆီးခဲ့သည်။ ဥရောပသို့ တရားမဝင် ရွှေ့ပြောင်းသွားလာမှု များပြားသည့် ဗီယက်နမ်အလယ်ပိုင်းရှိ အစွန်အဖျားကျသည့် မြို့များတွင် ပွဲစားများ ပေါ်များသည်။

ယင်းဒေသမှ မိသားစုများ၏ ဒီအင်န်အေနမူနာနှင့် လက်ဗွေများကို ရယူပြီး သေဆုံးသူများကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရန် ဗီယက်နမ်အရာရှိများသည် ဗြိတိန်နိုင်ငံမှ အရာရှိများနှင့် ပူးပေါင်းဆောင်ရွက်နေသည်။



ပျောက်ဆုံးနေသူများ၏ မိသားစုများက ၎င်းတို့၏သားသမီးများသည် အိမ်သို့ငွေပို့ရန် ရည်ရွယ်လျက် နိုင်ငံခြားတိုင်းပြည်များသို့ အလုပ်အကိုင်ရှာဖွေရန် ထွက်သွားကြသည်ဟု အေအက်ဖ်ပီကို ပြောကြားကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အောင်ဇော်လင်း**

# ထာဝရငြိမ်းချမ်းရေးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားအား တန်ဆောင်မုန်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကုံကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော် ရွှေထီးတော်တင်၊ အထက် ဌာပနာတော်သွင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားများကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၁ ရက်) နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စေတီတော်ကြီး အချိန်မီပြီးစီးရေး ကုမ္ပဏီလေးခုမှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး စေတီတော်မြန်မာမှုဒီဇိုင်းလုပ်ငန်းများအား တာဝန်ယူလုပ်ကိုင်နေသည့် စံထိပ်တန်းမြန်မာမှုလုပ်ငန်းမှ အင်ဂျင်နီယာ ဦးဇော်မျိုးထက်က "ကျွန်တော်တို့ တာဝန်ယူထားတဲ့ မြန်မာမှုလုပ်ငန်းမှာ ပင်မစေတီကြီးနဲ့ ဘုရားရင်ပြင်တော်မှာရှိတဲ့ မြန်မာမှုဒီဇိုင်းလုပ်ငန်း အကုန်လုံးနီးပါး ပြီးစီးနေပြီလို့ ပြောလို့ရပါတယ်။ မြန်မာမှုနဲ့ပတ်သက်ပြီး လုပ်ငန်းနည်းနည်းပဲ ကျန်ပါတော့တယ်။ စေတီတော်မှာပါတဲ့ မြန်မာမှုဒီဇိုင်းတွေက ပုဂံမှာရှိတဲ့ အာနန္ဒာဘုရားက မြန်မာမှုပုံစံဒီဇိုင်းတွေကို အနည်းငယ်မှီငြမ်းထားပါတယ်။ တချို့နေရာတွေမှာ ဒီဇိုင်းတွေကို နည်းနည်းဆန်းသစ်အောင် လုပ်ထားတာရှိပါတယ်"ဟု ပြောသည်။

စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၁၀၈ ပေရှိပြီး စေတီတော်အရံ ၈၀ ပါရှိကာ ရင်ပြင်တော်အကျယ် ၃၀၆ပေ ရှိကြောင်း သိရသည်။ စေတီတော်ကြီးတွင် တင်လှူပူဇော်မည့် ထီးတော်များကို ရန်ကုန်မြို့မှ ပင့်ဆောင်လျက်ရှိပြီး ယနေ့ညနေပိုင်းတွင် စေတီအရံ ၄၀ မှ ထီးတော်များကို ပင့်ဆောင်နိုင်ခဲ့ကြောင်း၊ နိုဝင်ဘာ ၅ ရက်တွင် စေတီတော်အရံ ၄၀ ၏ ထီးတော်၊ နိုဝင်ဘာ ၆ ရက်တွင် ပင်မစေတီတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို နေပြည်တော်အရောက် ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲအကြို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက လည်းကောင်း၊ ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက လည်းကောင်း ရွတ်ပွားသရဇ္ဈာယ်ကြမည်ဖြစ်သည်။



စေတီတော်ကြီး ထီးတော်တင်မဟာမင်္ဂလာအခမ်းအနား ကျင်းပနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးမည်ဖြစ်ပြီး အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ကြည်ညိုပူဇော်လိုသည့် အလှူရှင်များရှိပါက လာရောက်ပူဇော်နိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အသိပေးနှိုးဆော်ထားသည်။

**ဟန်လင်းနိုင်၊ ဟိန်းမင်းစိုး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံ မျက်မမြင်များအသင်း တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံမျက်မမြင်များအသင်းမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံမျက်မမြင်များအသင်းဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် မသန်စွမ်းသူများအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က နိုင်ငံတော်က စီမံဆောင်ရွက်ပေးစေလိုသည့်အချက်များ တင်ပြဆွေးနွေးရာတွင် လက်ရှိထူထောင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော မျက်မမြင်ကျောင်းများ၊ အဖွဲ့အစည်းများအား အသိအမှတ်ပြုသည့် လုပ်ထုံးလုပ်နည်းများတွင် ပိုမိုချောမွေ့စေရန်စီမံဆောင်ရွက်ပေးရေး၊ အမြင်အာရုံမသန်စွမ်းသူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး အထောက်အကူပြုစနစ်များထားရှိ ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်က ရိုက်နှိပ်ထုတ်ဝေသော ငွေစက္ကူများကို အမြင်အာရုံမသန်စွမ်းသူများ လက်လှမ်းမီ အသုံးပြုနိုင်သည့် ပုံသဏ္ဌာန်ဖြင့် ထုတ်ဝေပေးနိုင်ရေး၊ ကျောင်းသား ကျောင်းသူများ ပညာဆည်းပူးရာတွင်လည်းကောင်း၊ စာမေးပွဲဖြေဆိုရာတွင်လည်းကောင်း ပိုမိုထိရောက်လွယ်ကူစေသည့် အစီအမံများ ချမှတ်ဆောင်ရွက်ပေးရေး၊ အမြင်အာရုံမသန်စွမ်းသူများအတွက် Copy Right သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် အမြင်အာရုံ မသန်စွမ်းသူများအတွက် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများ ရုံးပိုင်မြေနေရာရရှိစေရေး ပံ့ပိုးကူညီဆောင်ရွက်ပေးရေးတို့ကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့် ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## စာအုပ်စာပေ လှူမိတ်ဆွေ



# အိန္ဒိယနိုင်ငံသား ငါးဦးနှင့် ဒေသခံ ငါးဦးတို့ကို AA အဖွဲ့က အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် နိုဝင်ဘာ ၄

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း EPI ကုမ္ပဏီနှင့် RPP ကုမ္ပဏီတို့မှ အိန္ဒိယနိုင်ငံသား ငါးဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝှေ့တင်းအပါအဝင် ခရီးသည် စုစုပေါင်း ၁၀ ဦးတို့သည် နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် စပိဘုတ်စက်လှေ နှစ်စင်းဖြင့် ပလက်ဝဆိပ်ကမ်းမှ စစ်တွေသို့ သွားရောက်စဉ် AA အဖွဲ့က အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

**လက်နက်ငယ်များဖြင့် ပစ်ခတ်**

ဖြစ်စဉ်မှာ ချင်းပြည်နယ် ပလက်ဝမြို့အရှေ့ဘက်ကမ်း၌ အိန္ဒိယ-မြန်မာ ဖိုရမ်ပူ ကားလမ်းဖောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော EPI ကုမ္ပဏီနှင့် RPP ကုမ္ပဏီတို့မှ အိန္ဒိယနိုင်ငံသား ငါးဦး၊ စကားပြန် နှစ်ဦး၊ စက်လှေမောင်းသူ နှစ်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦး စုစုပေါင်း ၁၀ ဦးတို့သည် နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲခန့်တွင် EPI ကုမ္ပဏီမှ စီစဉ်ပေးသော စပိဘုတ်စက်လှေ နှစ်စင်းဖြင့် ပလက်ဝဆိပ်ကမ်းမှ စစ်တွေမြို့သို့ ကုလားတန်မြစ်ကြောင်းအတိုင်း သွားရောက်စဉ် ကျောက်တန်းကျေးရွာအနီး၌ AA အဖွဲ့ဝင် ၁၀ ဦးခန့်က စက်လှေ နှစ်စင်းဖြင့် ကုလားတန်မြစ်အလယ်မှ လက်နက်ငယ်များဖြင့် ပစ်ခတ်ဟန့်တား၍ စက်လှေအား ကျောက်တန်းကျေးရွာ စက်လှေဆိပ်သို့ ဆိုက်ကပ်စေခဲ့ကြောင်း၊ ယင်းနောက် စက်လှေတစ်စင်းဖြင့် အသင့်စောင့်ဆိုင်းနေသည့် AA အဖွဲ့ဝင် ၄၀ ခန့်နှင့်အတူ စက်လှေ သုံးစင်းဖြင့် ကွမ်းဖေးကျေးရွာသို့ ခေါ်ဆောင်သွားခဲ့ကြောင်း။

ယင်းနောက် ကွမ်းဖေးကျေးရွာ၏ အနောက်ဘက်သို့ လေးနာရီခန့် ခြေကျင်ခရီးဖြင့် ဆက်လက်ဖမ်းဆီးခေါ်သွားခဲ့ကြောင်း၊ အဆိုပါနေရာသို့ ရောက်ရှိကြရာ ယင်းတို့အနက်မှ အိန္ဒိယနိုင်ငံသား Mr. Vinoo Gopal သည် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် သေဆုံးသွားခဲ့ကြောင်း။

**ဖမ်းဆီးခေါ်ဆောင်**

ယနေ့နံနက်ပိုင်းတွင် ဦးဝှေ့တင်းအား ဖမ်းဆီးခေါ်ဆောင်ထားပြီး ကျန်သူများအား ပြန်လည်စေလွှတ်ပေးခဲ့သဖြင့် ကျောက်တော်မြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ၎င်းမှတစ်ဆင့် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Dr. Kumar Praveen၊ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန် Mr. Tsewang Gyalpson နှင့် စကားပြန်တစ်ဦးတို့က ပြန်လွှတ်လာသူများအား မော်တော်ယာဉ် နှစ်စင်းဖြင့်လည်းကောင်း၊ သေဆုံးသူ၏အလောင်းအား ဖြူစင်မေတ္တာ နာရေးကူညီမှုအသင်းမှ မော်တော်ယာဉ်ဖြင့်လည်းကောင်း တင်ဆောင်၍ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီခန့်တွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း၊ ဖြစ်စဉ်နေရာတစ်ဝိုက်၌ တပ်မတော်စစ်ကြောင်းများက နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်၊ ၁၄ ဦးဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော်-ရန်ကုန်လမ်းပိုင်း မိုင်တိုင် (၆၈/၄)နှင့် (၆၈/၅)အကြားတွင် တောင်ကြီးမြို့နယ် အေးသာယာရပ်ကွက်နေ စည်သူ မောင်းနှင်ပြီး ခရီးသည် အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ခြောက်ဦး၊ ယာဉ်မောင်း၊ အကူယာဉ်မောင်း နှစ်ဦးနှင့် ယာဉ်နောက်လိုက် တစ်ဦး၊ စုစုပေါင်း ၃၃ ဦး လိုက်ပါလာသည့် ရွှေတောင်ရိုး တောင်ကြီး-ရန်ကုန် ခရီးသည်တင်ယာဉ်သည် ယနေ့နံနက် ၅ နာရီတွင် လမ်းလယ်ကျွန်း ကာရံထားသည့် ဘာရီယာတုံးများကို ဝင်တိုက်မိကာ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည်များအနက် အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦးနှင့် ယာဉ်နောက်လိုက် တစ်ဦး စုစုပေါင်း ၁၄ ဦး ဒဏ်ရာရရှိခဲ့သဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ အုတ်ရစ်ကုန်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# တမူးနှင့် ညောင်ရွှေမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



စိုင်းခုံးလှိုင်းနှင့် စိုင်းယီလှိုင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၄

မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက် ညနေပိုင်းတွင် တမူးမြို့နယ် ရန်တိုင်းအောင်ကျေးရွာအနီး တမူး-ကလေးသွားကားလမ်းတွင် စိုင်းခုံးလှိုင်းမောင်းနှင်လာသည့် HIACE မော်တော်ယာဉ်ကို ရှာဖွေရာ ငွေကျပ် ၁၁၇၂၁ ဒသမ ၆ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၆၀၈၀၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုသိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ တမူးမြို့ ဈေးတန်းရပ်ကွက် အလောင်းဘုရားလမ်းတွင် စိုင်းယီလှိုင်းအား လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တမူးမြို့ မြို့မရပ်ကွက် ဘုရားကျောင်းလမ်း အမှတ်(၈၂) ရှိ စိုင်းယီလှိုင်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ မြန်မာငွေကျပ်သိန်း ၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် တုံးလည်ကျေးရွာအနီး ညောင်ရွှေ-အင်းတိန် ကားလမ်းတွင် သန်းထွန်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပင်လောင်း၊ ဖယ်ခုံ၊ နမ့်စန်၊ လွိုင်လင်နှင့် လဲချားမြို့နယ်တို့၌ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ဘိန်းစိုက်ခင်းများဖျက်ဆီး



နေပြည်တော် နိုဝင်ဘာ ၄

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ဝါးလီးကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်ရှိ အမြင့် နှစ်ပေခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၄ ဒသမ ၅ ဧက၊ ဖယ်ခုံမြို့နယ် လတိန်ကျေးရွာ၏ တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧက၊ နမ့်စန်မြို့နယ် တွန်ကျိုင်းကျေးရွာ၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာ၌ အမြင့် ခြောက်လက်မခန့် ဘိန်းပင်ပေါက်စိုက်ခင်း နှစ်ဧက၊ လွိုင်လင်မြို့နယ် နောင်တောင်(၁) ကျေးရွာ၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာ ၎င်းကျေးရွာ၏ တောင်ဘက် သုံးမိုင်ခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၃ ဒသမ ၅ ဧက၊ လွိုင်လင်မြို့နယ် လွယ်မန့်ကျေးရွာ၏ အရှေ့တောင်ဘက် အမြင့် နှစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း နှစ်ဧက၊ လဲချားမြို့နယ် နားယန်းကျေးရွာ၏ အရှေ့ဘက် အမြင့် ၁၀ လက်မခန့် ဘိန်းပင်ပေါက်စိုက်ခင်း နှစ်ဧကတို့အား သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က ယမန်နေ့တွင် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပုလဲ- ဂန့်ဂေါ ကားလမ်းတွင် ယာဉ်တိမ်းမှောက် နှစ်ဦးသေ၊ ၁၃ ဦး ဒဏ်ရာရ

ဂန့်ဂေါ နိုဝင်ဘာ ၄

ပုလဲ-ဂန့်ဂေါကားလမ်း ကျောမြို့အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ မိုင်တိုင်အမှတ် (၆၇/၃) နှင့် (၆၇/ ၄) အကြား ပုံတောင်နတ်ထိပ်အနီးတွင် ယမန်နေ့က ယာဉ်တိမ်းမှောက်သဖြင့် နှစ်ဦး သေဆုံး၍ ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နေ မင်းမင်းဇော် မောင်းနှင်သည့် ခြောက်ဘီးယာဉ်သည် ချင်းပြည်နယ် ဘုံးဖုံကျေးရွာသို့ လမ်းခင်းကျောက်ထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ရန် သွားရောက်စဉ် အရှိန်မထိန်းနိုင်ဘဲ ယာဘက်လမ်းဘေး ပေ ၅၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသူများအား ကျောမြို့ တိုက်နယ်ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဂန့်ဂေါမြို့ မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိန်ကျော်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ



# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် အခြေခံပညာကျောင်းများတွင် Teaching Assistant နှင့် Language Teacher ခန့်ထားမှုများနှင့် ရှေ့လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် နေ့စားလပေး ဆရာ ဆရာမ Teaching Assistant နှင့် Language Teacher ခန့်ထားမှုများနှင့် ရှေ့လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ တိုင်းရင်းသား ဘာသာစာပေသာမက ကျောင်းသင်ဘာသာရပ်များ သင်ကြားရာတွင် အထောက်အကူပြု ဆရာ ဆရာမများဖြစ်ကြသည့် Teaching Assistant နှင့် တိုင်းရင်းသားဘာသာသင် Language Teacher များ ခန့်ထားမှုများနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်နိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက တက်ရောက်လာကြသူများအနေဖြင့် ဒေသတစ်ခုနှင့်တစ်ခု အတွေ့အကြုံများကို ဖလှယ်၍ အားနည်းချက်များ၊ အားသာချက်များကို စုပေါင်းအဖြေရှာပြီး ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလင်းမြင့်တို့က Teaching Assistant နှင့် Language Teacher များခန့်ထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Teaching Assistant နှင့် Language Teacher များ ခန့်ထားမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို အကြံပြုဆွေးနွေးတင်ပြကြရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# ဆိုက်ဘာတိုက်ခိုက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ကွန်ပျူတာလုံခြုံရေးဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးစီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၄**

ဆိုက်ဘာတိုက်ခိုက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ကွန်ပျူတာလုံခြုံရေး ဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် မိမိတို့ ဝန်ကြီးဌာနအတွက် အရေးကြီးသည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် e-Government စနစ်ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယနေ့ခေတ်တွင် စတုတ္ထမြောက် စက်မှုတော်လှန်ရေးသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲလာပါကြောင်း၊ နည်းပညာသည် လူတိုင်းနှင့် ထိတွေ့လာပြီး နည်းပညာတိုးတက်မြင့်မားလာမှုကြောင့် လူအများ၏ သတင်းအချက်အလက် ရယူသုံးစွဲမှုအပါအဝင် လူနေမှုပုံစံတို့သည်လည်း များစွာပြောင်းလဲလာခဲ့ပြီဖြစ်ပါကြောင်း။





### သိရှိတတ်မြောက်ထားရန် လိုအပ်

ထို့ကြောင့် ဆိုရှယ်မီဒီယာများပေါ်တွင် ပျံ့လွင့်နေသည့် သတင်းမှားများ၊ ကောလာဟလများ၊ လုပ်ကြံသတင်းများ စသည်တို့ကို ခွဲခြားသိရှိ စနစ်တကျ အသုံးချနိုင်ရန်အတွက် မီဒီယာနှင့် သတင်းအချက်အသိပညာကို ဝန်ထမ်းများ အပါအဝင် ဆိုရှယ်မီဒီယာအသုံးပြုသူတိုင်းက သိရှိတတ်မြောက်ထားရန် လိုအပ်လာပါကြောင်း၊ ထို့ပြင် မိမိတို့အကောင်အထည်ဖော်လျက်ရှိသည့် e-Government ကို ချောမွေ့အောင်မြင်ရန်အတွက် ဝန်ကြီးဌာနများတွင် အသုံးပြုလျက်ရှိသည့် ကွန်ပျူတာစနစ်များ၏ ဆိုက်ဘာလုံခြုံရေးကို စနစ်ကောင်းမွန်ရန် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဆိုက်ဘာတိုက်ခိုက်မှုများကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန်နှင့် ကွန်ပျူတာလုံခြုံရေးဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုများကိုလည်း စနစ်တကျစီမံခန့်ခွဲရန် လိုအပ်လာသည့်အတွက် ယခုသင်တန်းကို ပို့ချရခြင်းဖြစ်ပါကြောင်း။

သင်တန်းတက်ရောက်သည့်သူများအနေဖြင့် သင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များကို အလေးအနက်ထားသင်ယူကြပြီး ရရှိလာသည့် အသိပညာများကို နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် အသုံးချစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းတွင် ပို့ချသွားမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၁၈ ဦးပါဝင် တက်ရောက်မည်ဖြစ်ကြောင်းနှင့် သင်တန်းကို နိုဝင်ဘာ ၈ ရက်အထိ ငါးရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒေသခံပြည်သူအခြေပြု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းလမ်းများနှင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Global Environment Institute (GEI) နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society-WCS) မြန်မာနိုင်ငံ အစီအစဉ်တို့ပူးပေါင်း၍ "ဒေသခံပြည်သူအခြေပြု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းလမ်းများနှင့် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးပွဲ (Community-Based Conservation Practices and Policies International Symposium)" ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Aureum Palace ဟိုတယ်၌ ကျင်းပသည်။

မြန်မာနိုင်ငံရှိ ဒေသခံပြည်သူအခြေပြု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ဆက်စပ်ပတ်သက်သူများ၏ နားလည်မှုမြှင့်တင်ရန်၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ခြင်းနှင့်ပတ်သက်၍ ဒေသခံအခြေပြု ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ နည်းလမ်းများကို တိုးမြှင့်အကောင်အထည်ဖော်ရန်နှင့် MBF ၏ မြန်မာနိုင်ငံအတွင်း ဒေသခံအခြေပြုထိန်းသိမ်းရေးလုပ်ငန်းများအပေါ် ပံ့ပိုးနိုင်မှု အခြေအနေတို့အား ရှင်းလင်းတင်ပြရန်နှင့် မြန်မာနိုင်ငံရှိ ဒေသခံအခြေပြု ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ ရေးဆွဲခြင်းအပေါ် မြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်နှင့် GEI ၏ အမှုဆောင်ဒါရိုက်တာ Ms. Jiaman Jin တို့က အဖွင့်အမှာစကားအသီးသီးပြောကြားသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ Indigenous Community Conserved Area (ICCA) စီမံကိန်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံရှိ ထိန်းသိမ်းရေးစီမံကိန်းများအကြောင်း၊ ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် ဒေသခံပြည်သူများ ပါဝင်မှုဖြင့် တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးဆောင်ရွက်နေမှုအခြေအနေတို့ကို တင်ပြဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇော်**


## မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ (တတိယထပ်)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါနှစ်ပတ်လည်အစည်းအဝေးတွင် "၂၁ ရာစု စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီခွဲမှ မွန်းလွဲ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဝင်များ၊ စာကြည့်တိုက်လုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေသူများအားလုံး တက်ရောက်ပါဝင်ဆွေးနွေးကြပါရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ရွှေနန်းမေ(ပြန်/ဆက်)**






## ချောင်းသာ-ရွှေသောင်ယံ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရွှေသောင်ယံ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက် ချောင်းသာ-ရွှေသောင်ယံကွန်ကရစ်လမ်းပိုင်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ဒေသဖွံ့ဖြိုးရေးအတွက် ယခုလိုကွန်ကရစ်လမ်းလှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

အလှူရှင် ရွှေဟိန်းထက်ကုမ္ပဏီပိုင်ရှင် ဦးဝင်းနိုင်က နှစ်လမ်းသွား ၂၂၇၂ ပေနှင့်လေးလမ်းသွား ပေ ၄၀၀၀ စုစုပေါင်း ၆၂၇၂ ပေရှိပြီး လမ်းအကျယ် ၃၃ ပေ၊ ဒု ကိုး လက်မဖြင့် စုစုပေါင်းကုန်ကျငွေကျပ်သိန်းပေါင်း ၁၈၅၄၅ သိန်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ကျောင်းကုန်း)၊ ကိုကိုမောင်(ရွှေသောင်ယံ)**

## လူမှုရေးတာဝန်သိမှု(CSR)လုပ်ငန်းများအား လွှဲပြောင်းပေးအပ်

**မင်းဘူး နိုဝင်ဘာ ၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ထောက်ရှာပင်/ ကမ်းနီရေနံမြေ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လူမှုရေးတာဝန်သိမှု (Corporate Social Responsibility) (CSR) အစီအစဉ်ဖြင့် ထောက်ရှာပင်/ ကမ်းနီရေနံမြေနှင့် ထိစပ်ကျေးရွာများ၌ ဆောင်ရွက်ပြီးစီးခဲ့သည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုအထောက်အကူပြုကဏ္ဍနှင့် အခြားကဏ္ဍတို့မှ လုပ်ငန်းများအား သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက် ၇ နာရီခွဲက ထောက်ရှာပင်/ ကမ်းနီရေနံမြေ ရွှေရောင်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က ထောက်ရှာပင်/ ကမ်းနီရေနံမြေမှ (CSR) အစီအစဉ်ဖြင့် ထိစပ်ကျေးရွာများသို့ ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ထောက်ရှာပင်/ ကမ်းနီရေနံမြေမှ အထွေထွေမန်နေဂျာ ဦးညွန့်နိုင်က ရေနံမြေနှင့် ထိစပ်ကျေးရွာများ၌ (CSR)အစီအစဉ်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ (CSR) အစီအစဉ်ဖြင့် ကူညီပံ့ပိုးပေးခဲ့သည့် Transformer နှင့် ဆက်စပ်ပစ္စည်းများ၊ RC တစ်ထပ်ကျောင်းဆောင်၊ ဆေးရုံသုံးပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ၊ သိပ္ပံခန်းသုံးပစ္စည်းများကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ အသီးသီး လွှဲပြောင်းပေးအပ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လူမှုရေးတာဝန်သိမှု(CSR) အစီအစဉ်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများမှ ပညာရေးကဏ္ဍအတွက် ၇၈၉ ဒသမ ၄၀၈ သိန်း၊ ကျန်းမာရေးကဏ္ဍအတွက် ၁၄၅ ဒသမ ၉၁၀ သိန်းနှင့် လူမှုအထောက်အကူပြုကဏ္ဍအတွက် ၁၉၇၂ ဒသမ ၁၉၈ သိန်းနှင့် အခြားကဏ္ဍအတွက် ၁၂ ဒသမ ၈၂၃ သိန်း စုစုပေါင်း ၂၉၂၀ ဒသမ ၃၃၉ သိန်း ကူညီပံ့ပိုးပေးပြီးဖြစ်သည်။

အဆိုပါ လူမှုရေးတာဝန်သိမှု(CSR) အစီအစဉ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ကျပ်သိန်းပေါင်း ၁၂၆၀၉ သိန်းကျော် ကူညီပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

## တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်သို့ တက်ရောက်မည့် သင်တန်းသားများနှင့်တွေ့ဆုံ

**ဘားအံ နိုဝင်ဘာ ၄**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်/စစ်ကိုင်း)သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသား သင်တန်းသူများနှင့် နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်မှ သင်ပေးလိုက်သည့်ပညာရပ်များကို မိမိတို့ပြည်နယ်၊ မိမိတို့နိုင်ငံအတွက် ပြန်လည်၍ အလုပ်အကျွေးပြုစေလိုကြောင်း၊ စည်းကမ်းတကျနေထိုင်၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ သင်ကြားပို့ချပေးမည့် ပညာရပ်များကို အပတ်တကုတ် ကြိုးစား လေ့လာစေလိုကြောင်း၊ တစ်နေ့မိမိပြည်နယ် မိမိအရပ်ဒေသသို့ ပြန်လည်တာဝန်ထမ်းဆောင်သည့် အခါ လေးစားလောက်သည့် သူများအဖြစ် ကျင့်ကြံကြိုးပမ်းအားထုတ်ကြပါဟု မှာကြားခဲ့ပြီး ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

ထို့နောက်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် တက်ရောက်မည့် သင်တန်းသားတစ်ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်တက်ရောက်မည့် သင်တန်းသူတစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





## မွန်ပြည်နယ်တွင် မီးသတ်ယာဉ်များ မြို့နယ်အလိုက်ပေးအပ်ပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၄**

၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အစိုးရ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူခဲ့သောမီးသတ်ယာဉ်များ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်နယ်မီးသတ်ဦးစီးဌာနရုံးဝင်း၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် ပြည်နယ်ဝန်ကြီးများက မီးသတ်ယာဉ်များအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပြီး မြို့နယ်အလိုက် ပေးအပ်ခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက အသစ်ဝယ်ယူထားသော မီးသတ်ယာဉ်များဖြင့် ရေပက်ဖျန်းသရုပ်ပြသခြင်းကိုဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးသတ်ယာဉ်များပေးအပ်ပွဲတွင် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်ရှစ်စီး၊ အမြှုပ်မီးသတ်ယာဉ်တစ်စီး စုစုပေါင်း ၁၁ စီးကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အစိုးရ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။ **ဝေလင်း(ပြန်/ဆက်)**

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့်စစ်ကိုင်း)သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူ

**တောင်ကြီး နိုဝင်ဘာ ၄**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများဩဝါဒခံယူပွဲကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးလှဦးက ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်ရန် သင်တန်းသား ၁၆ ဦး၊ စွမ်းရည် ဒီဂရီကောလိပ်သို့ တက်ရောက်ရန် ၁၈ ဦး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုး ရေးသင်တန်းကျောင်း(ပင်လုံ)မှ ၂၄ ဦး၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ၁၆ ဦး၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ၁၆ ဦးကို ရွေးချယ်စေလွှတ်ခဲ့ပြီး ရွေးချယ်ခံရမှုအပေါ် တန်ဖိုးထား၍ အတတ်ပညာ၊ အသိပညာများကို ထူးချွန်တတ်မြောက်အောင်သင်ယူခဲ့ကြရန် ပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့်ပအိုဝ်းနှင့် ဓနုတို့မှရွေးချယ်ထားကာ စုစုပေါင်း ၉၀ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံသစ်တည်ဆောက်၍ ၂၀၂၀ - ၂၀၂၁ခုနှစ်တွင် ၃၀ အမ်ဗွီအေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသွားမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းကုန်းမြို့နယ်တွင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်၍ ၃၀ အမ်ဗွီအေ လျှပ်စစ်ဓာတ်အားကို ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်က Ayeyarwaddy integrated industry Complex ဘက်စုံစီမံကိန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောကြားသည်။



ဧရာဝတိုင်းဒေသကြီးတွင် ပင်မလျှပ်စစ်ဓာတ်အားကို ရေကြည်မြို့နယ်ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံမှ ၃၃ ကေဗွီဗို့အားချ၍ ရေကြည်မှ ကျောင်းကုန်း-ပန်းတနော်သို့ ဖြန့်ဖြူးပေးလျက်ရှိရာ ဓာတ်အားလိုင်းကြိုးမှာ ၇၀ မီလီမီတာ square အရွယ်အစားဖြစ်ပြီး အထက်ပါမြို့နယ်များနှင့် နီးစပ်ရာ ဒေသတို့ကိုပါ ဆက်သွယ်ပို့လွှတ်ပေးလျက်ရှိသည်။

ကျောင်းကုန်းမြို့နယ်တွင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံတစ်ခုကိုတည်ဆောက်မည်ဖြစ်ရာအဆိုပါ ၆၆ ကေဗွီ ဓာတ်အားမှ ၃၃ ကေဗွီဗို့အားချသော ၃၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခုကို ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီး ရေကြည်မြို့နယ်မှ ကျောင်းကုန်းမြို့နယ်သို့ သွယ်တန်းမည့် ၆၆ ကေဗွီ ဓာတ်အားလိုင်းအား ၂၀၂၀ - ၂၀၂၁ ခုနှစ် ဘတ်ဂျက်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်၍ ကျောင်းကုန်းဓာတ်အားခွဲရုံအနေဖြင့် ၃၀ အမ်ဗွီအေအဆင့် လျှပ်စစ်ဓာတ်အားကို ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ရရှိမည်ဖြစ်သည်။

ပန်းတနော်မြို့နယ်တွင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရန် မြေနေရာ ဖော်ဆောင်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး၏ အနာဂတ်ကာလတွင် လျှပ်စစ်ဓာတ်အားတိုးမြှင့်သုံးစွဲနိုင်ရန် မီးလောင်ချိုင့်တွင် သဘာဝဓာတ်ငွေ့ဖြင့် မဂ္ဂါဝပ် ၁၀၀၀ ကျော်ထွက်ရှိသော ဓာတ်အားပေးစက်ရုံကြီးတစ်ခု တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ယခုဧရာဝတီတိုင်းဒေသကြီးတွင် အသုံးပြုနေသောလျှပ်စစ်ဓာတ်အားသည် လှိုင်သာယာမြို့နယ် ပုသိမ်ကားလမ်းမကြီးအနီးရှိ လျှပ်စစ်ဓာတ်အားခွဲရုံမှတစ်ဆင့် အသုံးပြုခြင်းဖြစ်ပြီး လှိုင်သာယာစက်မှုဇုန်များ လျှပ်စစ်ဓာတ်အားသုံးစွဲလာမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အားတိုးမြှင့်သုံးစွဲနိုင်ရန် ကျောင်းကုန်းမြို့နယ် တွင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံသစ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ**



# မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင် ကွယ်လွန်

ကျန်းမာတော်မူကြပါစခင်ဗျာဟု အစချီကာ မိုးလေဝသပညာရပ်များကို မေတ္တာဖြင့် ဖြန့်ဝေပေးနေသော မြန်မာနိုင်ငံ၏မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်(ညွှန်ကြားရေးမှူးချုပ်-(ငြိမ်း) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)သည် ကျန်းမာရေးအခြေအနေကြောင့် ရန်ကုန်မြို့ ဂရင်းဟဲသာဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိရာမှ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၄ ရက် ည ၆ နာရီ ၅၇ မိနစ်၌ ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

**အောင်မြင်ခဲ့**

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကို မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် ကုလားကျေးရွာတွင် အဖ ဦးသိမ်းမောင်၊ အမိဒေါ်အေးကြီးတို့က ၁၇-၁-၁၉၄၈ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မွေးချင်းနှစ်ဦးအနက် အကြီးဖြစ်ပြီး အထက်တန်းပညာကို မန္တလေးမြို့ ဖာသာလဖုန်းအထိမ်းအမှတ် အထက်တန်းကျောင်းမှ ၁၉၆၅ ခုနှစ်တွင် အောင်မြင်ခဲ့သည်။

အသက်(၁၇)နှစ်အရွယ် ၃-၅-၁၉၆၅ ရက်နေ့မှ စတင်၍ မန္တလေးမြို့ မိုးလေဝသဌာနတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ အထက်တန်းကျောင်းသားဘဝ ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ပညာမင်းကြီးဦးဘိုးသုန်၏ သင်္ချာလူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ တက္ကသိုလ်ပညာရပ်များကို မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် တိုးချဲ့ညနေသင်တန်းတွင် တက်ရောက်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် သိပ္ပံဘွဲ့ကို ရူပဗေဒဘာသာအဓိကဖြင့် ဘာသာစုံဂုဏ်ထူး အထူးအောင်ဆုကို ရရှိဆွတ်ခူးခဲ့သည်။

**ချီးမြှင့်ခြင်းခံခဲ့ရ**

ထို့နောက်သိပ္ပံဘွဲ့(မိုးလေဝသ)၊ မဟာသိပ္ပံဘွဲ့(မိုးလေဝသ)တို့ကိုအမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် တက္ကသိုလ်မှရရှိခဲ့သည်။ ပါရဂူဘွဲ့(ရူပဗေဒ)ကို ရန်ကုန်တက္ကသိုလ်မှ ၂၀၀၈ ခုနှစ် အသက် ၆၁ နှစ် အရွယ်တွင် ရရှိခဲ့သည်။ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း စက်မှုစီးပွားထူးချွန်ဆု(ဒုတိယအဆင့်)အပါအဝင် ဆုတံဆိပ် ငါးခုကို နိုင်ငံတော်က ချီးမြှင့်ခြင်း ခံခဲ့ရသည်။ တက္ကသိုလ်ပညာသင်ဘဝတွင် မန္တလေးတက္ကသိုလ်ရူပဗေဒဌာန၏ ပညာရည်ထူးချွန်ဆု၊ အကောင်းဆုံးသိပ္ပံဘွဲ့ယူစာတမ်းဆု၊ အကောင်းဆုံး ပါရဂူဘွဲ့ယူစာတမ်းဆု၊ ဆရာခ အထိမ်းအမှတ် ဘွဲ့ယူစာတမ်းဆု၊ မြန်မာနိုင်ငံဝိဇ္ဇာ-သိပ္ပံပညာရှင်အသင်း၏ အကောင်းဆုံးပါရဂူဘွဲ့ယူ သိပ္ပံစာတမ်းဆု စသည်တို့ ချီးမြှင့်ခြင်းခံခဲ့ရသည်။ အမှုထမ်းဆောင်စဉ်ကာလအတွင်း သုတေသနစာတမ်းများ၊ ဘာသာရပ်ဆိုင်ရာဆောင်းပါးများ၊ ဘာသာရပ်ဟောပြောပွဲများ ၁၅၀၀ ကျော် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဘာသာရပ်ဆိုင်ရာ စာအုပ် လေးအုပ်ရေးသားထုတ်ဝေခဲ့ပြီး သုတစွယ်စုံသိပ္ပံစာပေဆု၊ ၂၀၁၂ ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်း၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုကိုလည်း ဆွတ်ခူးရရှိခဲ့သည်။ ဒေါက်တာထွန်းလွင်သည် 7 Day Media Group ၏ ၂၀၁၇ ခုနှစ်အတွက် HERO ဆု၊ ၂၀၁၆ ခုနှစ်သတင်းလူသားဆုနှင့် Irrawaddy Media Group ၏ ၂၀၁၇ ခုနှစ် Popular Public Figure; The People's Weatherman ဆုများ ချီးမြှင့်ခြင်းခံရသည်။ အာဆီယံထင်ရှားကျော်ကြားသော ပညာရှင်အဖွဲ့ဝင်အဖြစ်လည်း ရွေးချယ်ခံရသည်။

**လွှင့်တင်ထား**

အငြိမ်းစားယူသည်အထိ နိုင်ငံ့ဝန်ထမ်းဘဝအဖြစ် ၄၄ နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့သည်။ www.tunlwin.comနှင့်www.UtunLwin.org ကိုယ်ပိုင်websites များကို လွှင့်တင်ထားပြီး FM Radio၊ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များ၊ မီဒီယာမျိုးစုံတို့တွင်information and educationလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ဒေါက်တာထွန်းလွင် ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မူမူသန်းနှင့်သမီး ဒေါက်တာမြတ်စုထွန်းလွင်၊ သား မောင်ဇွဲမာန်ထွန်းလွင်နှင့် သမီး မစွမ်းရည်ထွန်းလွင်တို့ ကျန်ရစ်သည်။

**မောင်မောင်မြင့်ဆွေ**

# မွန်ပြည်နယ်အတွင်း စပါးစိုက်ပျိုးရန် ကတိုက်တမံနှင့် ဝါးပါးရေလှောင်တမံတို့မှ ဆည်ရေများပေးဝေ

**ရန်ကုန် နိုဝင်ဘာ ၄**

ယခုနှစ် စိုက်ပျိုးရာသီတွင် မွန်ပြည်နယ်အတွင်း မိုးစပါးအောင်ရေ လိုအပ်သည့် နေရာများရှိ စပါးစိုက်တောင်သူများအား စပါးစိုက်ပျိုးရန် အောင်ရေအတွက် အခက်အခဲမရှိစေရန် ကတိုက်ရေလှောင်တမံနှင့် ဝါးပါးရေလှောင်တမံတို့မှ ဆည်ရေများ ပေးဝေလျက်ရှိကြောင်း မွန်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီး ဌာနမှသိရသည်။

"မွန်ပြည်နယ်အနေနဲ့ မိုးစပါးအောင်ရေပေးဝေတာ ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်၊ လာမယ့်နှစ်မှာလည်း မိုးစပါးစိုက်ပျိုးရာသီမှာ မိုးရာသီကာလနဲ့ ကိုက်ညီတဲ့ စပါးမျိုးကို စိုက်ပျိုးဖို့ စပါးစိုက်တောင်သူတွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန သထုံခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်ဇော်က ပြောကြားသည်။

ထို့အတူ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်ရေမပေးနိုင်သည့် နေရာများတွင် မိုးစပါးအောင်ရေနှင့် နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။



မွန်ပြည်နယ်အတွင်းရှိ ရေလှောင်တမံများဖြစ်သည့် ရွှေနတ်တောင်ရေလှောင်တမံ၊ အဇင်းရေလှောင်တမံနှင့် ဝါးပါးရေလှောင်တမံတို့မှ နွေရာသီတွင် မြို့ရေပေးဝေရေးကို အဓိကထားဆောင်ရွက်နေပြီး နွေစပါးစိုက်ပျိုးရေးအတွက်လည်း ရေပေးဝေနေရကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်က "အခုလို မိုးစပါးအောင်ရေ ပေးဝေလိုက်တဲ့အတွက် ရေအသုံးပြုနိုင်တဲ့ သိုလှောင်ပမာဏ လျော့နည်းသွားမှာဖြစ်တဲ့အတွက် ယခုနှစ် နွေစပါးစိုက်ပျိုးနိုင်တဲ့ ဧရိယာကို ယခင်နှစ်များထက် လျော့နည်းစိုက်ပျိုးရန် စီမံရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

မွန်ပြည်နယ်အတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ယခုနှစ် မိုးရေချိန်မှာ ယခင်နှစ်များထက် ပိုသော်လည်း မိုးရွာသည့်ရက်မှာ လျော့နည်းပြီး မိုးတွင်းကာလတွင်လည်း တိုတောင်းကြောင်း၊ မိုးရာသီကာလ တိုတောင်းပြီး မိုးရုတ်တရက် ရပ်တန့်သွားသောကြောင့် မိုးစပါးအောင်ရေအတွက် ခက်ခဲသော နေရာများရှိကြောင်း မွန်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မင်းခန့်(မွန်)**

# ချစ်ကြည်ရေး ယဉ်ကျေးမှု အနုပညာပဒေသာဖလှယ်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆လမ်း၊ ၂၀ x ၂၂လမ်းကြားရှိ မန္တလေးအမျိုးသားကဇာတ်ရုံတွင် ၂၀၁၉ ခုနှစ် တရုတ်ပြည် တက်ဟုန်းပြည်နယ်ခွဲနှင့် မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီးတို့၏ ချစ်ကြည်ရေးယဉ်ကျေးမှု အနုပညာပဒေသာ ဖလှယ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ရက် ညနေ ၆ နာရီက ကျင်းပခဲ့သည်။

မန္တလေးမြို့ရုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးဒုတိယကောင်စစ်ဝန်ချုပ် မစ္စလီလိပေ့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တက်ဟုန်းပြည်နယ်ယဉ်ကျေးမှုအနုပညာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာကျန်းဖူလွမ်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး တရုတ်-မြန်မာတိုင်းရင်းသားယဉ်ကျေးမှု အနုပညာအဖွဲ့များက ယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေခဲ့မှုတို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးမြို့ရုံးစိုက် တရုတ် ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များက ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီး ဦးဇာနည်အောင်က နှစ်နိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြောင်းသိရသည်။



**တင်မောင်(မန်းကိုယ်ပွား)**

## သွားနှင့် ခံတွင်းကျန်းမာရေး အခမဲ့စစ်ဆေးပေး

**ရန်ကုန် နိုဝင်ဘာ ၄**

သွားနှင့် ခံတွင်းကျန်းမာရေးအား အထောက်အကူပြု ပေးနေသည့် ကျန်းမာသောသွားတစ်စုံရှိရန် လိုအပ်သောကြောင့် Colgate Myanmar မှ ပြည်သူများ၏ သွားနှင့်ခံတွင်းကျန်းမာရေးအတွက်အခမဲ့စစ်ဆေးပေးခြင်းများအပါအဝင် ကလေးငယ်များအတွက် ပျော်စရာအစီအစဉ်များကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ နိုဝင်ဘာ ၃ ရက် ညနေပိုင်းက ပြုလုပ်ပေးသည်။

ကျန်းမာပြီးကြံ့ခိုင်သော သွားတစ်စုံအတွက် သွားအတွင်းရော အပြင်ပါ ကြံ့ခိုင်နေရန် လိုအပ်ကြောင်း အသိပညာပေးလှုပ်ရှားမှုများကို ပြုလုပ်ပေးပြီး အနုပညာရှင်များဖြစ်ကြသော ချစ်သုဝေနှင့် ချမ်းချမ်းတို့ကလည်း'' အတွင်းစိတ်ဓာတ်များ၏ ခိုင်မာမှု'' ခေါင်းစဉ်ဖြင့် ကျန်းမာသောသွားတစ်စုံအား အတွင်းထဲမှ ကြံ့ခိုင်စေရန် အထောက်အကူပြုပေးပုံများ အကြောင်းကို ပြောကြားသည်။

''သွားနဲ့ ခံတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာနဲ့ပတ်သက်ပြီး အားနည်းနေကြတဲ့အတွက်ကြောင့် အခြေအနေဆိုးတဲ့ သွားပြဿနာတွေကို ခံစားရလေ့ရှိကြပါတယ်။ ပြီးတော့ ရောဂါအခြေအနေဆိုးတော့မှ ဆေးခန်းကိုရောက်လာကြတာတွေလည်း ရှိပါတယ်။ ဒီအတွက်ကြောင့် ဒီလိုမျိုးတွေမဖြစ်စေဖို့နဲ့ သွားတွေကြံ့ခိုင်ပြီး သွားပိုးပေါက်တွေမဖြစ်ပေါ်ဖို့အတွက် သွားကျန်းမာရေးကိုပုံမှန်စစ်ဆေးပေးသင့်ပါတယ်။ သူတို့ရဲ့တောက်ပတဲ့ အပြုံးတွေကို အထောက်အကူပြုပေးနေတဲ့ သွားတွေဟာ အတွင်းထဲကနေ ကြံ့ခိုင်စေမှာဖြစ်တယ်''ဟု ဒေါက်တာမျိုးမြင့်အောင်က ပြောသည်။



အဆိုပါပွဲ၌ မြန်မာမိသားစုများ၏ အနှစ်ခြိုက်ဆုံးသွားတိုက်ဆေးဖြစ်သော သွားများကို အတွင်းရောအပြင်ပါ ကျန်းမာခိုင်ခံ့စေသည့် ဖလိုရိုက်နည်းပညာပါဝင်သော Colgate Double Cool Stripe ကိုပါ မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



## ဟားခါး-နှီရ်လောန်လမ်း ကတ္တရာခင်း

**ရန်ကုန် နိုဝင်ဘာ ၄**

ဟားခါး - နှီရ်လောန်ကားလမ်းသည် ကလေး-ဖလမ်း-ဟားခါးပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်သော လမ်းဖြစ်ပြီး အလျား ၃ မိုင် ၇ ဖာလုံနှင့် အကျယ် ၂၄ ပေ ရှိသည်။

ဟားခါးမြို့နှင့် နီးသော်လည်း ယခင်က ကားသွား၍ရရုံ မြေသားလမ်းသာ ဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကတ္တရာခင်းခြင်းကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်တံတား ပေ ၂၀ တစ်စင်း၊ ကွန်ကရစ်ရေပြွန် ပေ ၂၀ ခြောက်စင်း၊ လမ်းတာပေါင်ချဲ့ခြင်း၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်း၊ မြေကာပါရေပြွန်နှစ်စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း အဆိုပါလမ်းပေါ်၌ Box Culvert ၁၂ စင်း၊ Toe wall ၆၅၆ ပေ ကျောက်စီမြေကာနံရံ ပေ ၄၅၀၊ ကျောက်စီရေမြောင်းပေ ၁၃၂၀ တည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်လမ်းသည် နှီရ်လောန်ကျေးရွာရှိ အိမ်ခြေ ၂၂၃ အိမ်နှင့် လူဦးရေ ၈၈၅ ဦးတို့အတွက် သွားလာအသုံးပြုနိုင်တော့မည်ဖြစ်သည်။ **ခရမ်းစိုးမြင့်**

# မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ အာဆီယံထိပ်သီးအသင်းများနှင့် ခြေစမ်းမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာ ယူ-၂၂ အသင်းသည် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ အာဆီယံထိပ်သီးအသင်းများဖြစ်သည့် ထိုင်း၊ ဗီယက်နမ် ယူ-၂၂ အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုလအတွင်း ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် ထိုင်း ယူ-၂၂ အသင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဗီယက်နမ် ယူ-၂၂ အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက်တွင် ထိုင်းသို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် မေလကတည်းက စတင်ပြင်ဆင်ခဲ့သော်လည်း ပြည်တွင်းပြိုင်ပွဲများကြောင့် လေ့ကျင့်မှုရပ်နားမှုများရှိခဲ့ပြီး စက်တင်ဘာ ၂၃ ရက်မှစ၍ ဆက်တိုက်လေ့ကျင့်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲ ခုနစ်ပွဲကစားထားပြီး နောက်ထပ်နှစ်ပွဲကစားမည်ဖြစ်ကာ ပြိုင်ပွဲမတိုင်မီ စုစုပေါင်းကိုးပွဲအထိ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ခြေစမ်းပွဲများတွင် တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ကာတာကလပ်အယ်လ်အူဝေယာနာအသင်းကို သုံးဂိုး-တစ်ဂိုး၊ ကာဂျစ္စတန် ယူ-၁၉ အသင်းကို ငါးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရကာ ထိုင်းကလပ် ချင်းမိုင်အသင်းနှင့် တစ်ဂိုးစီ၊ နီပေါ ယူ-၂၂ အသင်းနှင့် နှစ်ဂိုးစီ သရေကျကာ ဗီယက်နမ် ယူ-၂၂ အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ထိုင်းကလပ် ချင်းရိုင်ယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ထားသည်။ ဗီယက်နမ် ယူ-၂၂ အသင်းနှင့်မှု ဆီးဂိမ်းမတိုင်မီ ခြေစမ်းပွဲနှစ်ပွဲကစားခြင်း ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အောက်တိုဘာ ၂၁ ရက်မှ ၃၁ ရက်အထိ သွားရောက်ခဲ့သည့် ကာတာခရီးစဉ်တွင် ရလဒ်ကောင်းများ ရယူနိုင်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။



မြန်မာ ယူ-၂၂ အသင်းသည် ကာတာခြေစမ်းခရီးစဉ်မှ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာပြီး လေ့ကျင့်မှုနှစ်ရက်ရပ်နားကာ နိုဝင်ဘာ ၄ ရက် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

■



## မကာအိုသက်ကြီးဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်း ဖွဲ့စည်း

**ရန်ကုန် နိုဝင်ဘာ ၄**

၂၀၁၉ ခုနှစ် မကာအိုသက်ကြီးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းကို ကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယခုဖွဲ့စည်းထားသည့် လူစာရင်းတွင် မျိုးလှိုင်ဝင်း၊ မင်းသူ၊ အောင်ကျော်မိုး၊ သန်းဝေ၊ ကျော်မင်း၊ မောင်မောင်ဌေး၊ မောင်မောင်ဦး၊ စည်သူဝင်း စသည့် အမာခံကစားသမားများ ပါဝင်လာသည်။

မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းတွင် ဂိုး-ယဉ်မင်းအောင်၊ မျိုးသန်းဦး၊ နောက်တန်း-သန်းဝေ၊ မင်းကြည်၊ ထွန်းမြင့်လွင်၊ မင်းသူ၊ မောင်မောင်ကြီး၊ ဇော်မင်း၊ မောင်မောင်မြင့်၊ ဟန်ထွန်း၊ အလယ်တန်း-ထွန်းထွန်းထက်၊ အောင်ကျော်မိုး၊ မိုးကျော်၊ ကျော်မင်း၊ ဌေးလွင်၊ မောင်မောင်ဦး၊ အောင်မျိုး၊ ကျော်မျိုးဟန်၊ ရှေ့တန်း-မောင်မောင်ဌေး၊ မြင့်ကို၊ စည်သူဝင်းနှင့် မျိုးလှိုင်ဝင်းတို့ ပါဝင်ကြသည်။

ပြိုင်ပွဲစည်းမျဉ်းအရ အသက် ၄၀ နှစ်အထက်ဂိုးသမားနှစ်ဦး၊ အသက် ၄၀ မှ ၄၄ နှစ်အကြား ခြောက်ဦး၊ အသက် ၄၅ နှစ်မှ ၄၉ နှစ်အကြား ခြောက်ဦး၊ အသက် ၅၀ နှစ်အထက် ကစားသမား ရှစ်ဦး စုစုပေါင်း ၂၂ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ပြိုင်ပွဲစည်းမျဉ်းအရ ယင်းကစားသမားများအနက် အုပ်ချုပ်/နည်းပြကိုပါ ရွေးချယ်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဟောင်းများအသင်း ဖွဲ့စည်းရန် အောက်တိုဘာလတွင် လူရွေးပွဲကျင်းပခဲ့ပြီး အောက်တိုဘာလဒုတိယပတ်မှစတင်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ပြိုင်ပွဲဝင်အသင်းများသည် နိုဝင်ဘာ ၂၈ ရက်တွင် မကာအိုသို့ ရောက်ရှိရမည်ဖြစ်ကာ နိုဝင်ဘာ ၂၉ ရက်၊ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်တို့တွင် ပွဲစဉ်များယှဉ်ပြိုင်ကစားပြီး ဒီဇင်ဘာ ၂ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့်အတူ ဥရောပမှ ပေါ်တူဂီ၊ အာရှမှ အိမ်ရှင် မကာအို၊ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ တရုတ်၊ ဂျပန်နှင့် ဟောင်ကောင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ပြိုင်ပွဲကျင်းပသည့်ပုံစံကို ပြန်လည် အတည်ပြုမည်ဖြစ်သည်။ **သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**



## ပအိုဝ်းတိုင်းရင်းသားများ၏ရိုးရာ မီးကြာပဒေသာလှည့်လည်ပူဇော်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

ရွှေတိဂုံစေတီတော်တွင် ပအိုဝ်းစာပေယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူးကျင်းပသည့် ပအိုဝ်းတိုင်းရင်းသားများ၏ရိုးရာ မီးကြာပဒေသာ လှည့်လည်ပူဇော်ပွဲကို ရန်ကုန်ရောက်ပအိုဝ်းတိုင်းရင်းသားများက နိုဝင်ဘာ ၂ ရက် ညပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တွင် ကျင်းပသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏မီးကြာပဒေသာ လှည့်လည်ပူဇော်ရသည့် အဓိကရည်ရွယ်ချက်မှာ တာဝတိံသာနတ်ပြည်တွင် ဝါတွင်း သုံးလကာလပတ်လုံး အဘိဓမ္မာတရားဟောကြားပြီး ပြန်လည်ကြွလာသည့် ဘုရားရှင်အား ကြာပန်းပုံစံဖြင့် ဆီမီးပူဇော်ခြင်းဖြစ်သည်။ "အဝေးရောက်သူတွေ ဒေသကို အလွမ်းပြေရအောင်ရယ်၊ ရိုးရာဓလေ့ထုံးတမ်းတွေကို ဒီမှာလည်းဆင်နွှဲနိုင်အောင် ကျင်းပတာဖြစ်ပါတယ်" ဟု ဦးဆောင်ကျင်းပသည့် ခွန်မောင်ကွယ်က ပြောကြားသည်။

**ရွှေအင်းသား(ခင်မောင်ဝင်း)**

## မိုင်းယောင်း၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

**မိုင်းယောင်း နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

သံဃာတော်အပါး ၄၄၀ တို့က ဟိုခုံကျောင်းတိုက်မှ စတင်၍ရပ်ကွက်(၇)၊ ရပ်ကွက်(၈)မှတစ်ဆင့် မြို့လယ် ဗလမင်းထင်လမ်းမကြီးအတိုင်း ဟိုခုံကျောင်းတိုက်အထိ ကြွချီကြရာ လှူတော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်များကို စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



## ထားဝယ်မြို့၌ တက်ကြွလှုပ်ရှား စာကြည့်တိုက်မှူးများ သင်တန်းဖွင့်

**ထားဝယ် နိုဝင်ဘာ ၄**

Dawei Millennium Centre နှင့် တနင်္သာရီတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ပူးပေါင်း၍ British Council ၏ ပံ့ပိုးမှုဖြင့် "တက်ကြွလှုပ်ရှား စာကြည့်တိုက်မှူးများ" သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ထားဝယ်မြို့ Dawei Millennium Centre သင်တန်းခန်းမ၌ ကျင်းပသည်။




သင်တန်းတွင် တိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက စာရေးဆရာဦးဘမြင့်(မင်းသူရိန်) က စာကြည့်တိုက်မှူးများအနေဖြင့်လည်း ယခုတတ်မြောက်သွားသော ပညာကိုအသုံးချကာ တစ်ဆင့်လူငယ်များကို ပညာလက်ဆင့်ကမ်းပွားပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိုးထွန်းက စာကြည့်တိုက်ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့်နည်းလမ်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း အတွင်းရေးမှူး ဒေါ်စန်းရီက စာကြည့်တိုက်မှူးများအတွက် သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်မှူး ၄၀ အား စာကြည့်တိုက်မှူးဆိုသည်မှာ အဓိပ္ပာယ်၊ တက်ကြွလှုပ်ရှား စာကြည့်တိုက်မှူးများ အဓိပ္ပာယ်၊ စာကြည့်တိုက်မှူးနှင့် ရပ်ရွာအခန်းကဏ္ဍ၊ စာကြည့်တိုက်မှူးနှင့် ရပ်ရွာပူးပေါင်းဆောင်ရွက်မှု၊ ကိုယ်ပိုင် စာကြည့်တိုက်များအား ပေါင်းစပ်ဖော်ဆောင်မည့် အစီအစဉ်များ၊ ပုံပြင်ပြောခြင်းနှင့် ပုံပြင်ဖတ်ခြင်း အမျိုးမျိုး စသည့်ခေါင်းစဉ်များဖြင့် နိုဝင်ဘာ ၉ ရက်အထိ အုပ်စုဖွဲ့၍ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**

## ကျောက်မျက်ရတနာနှင့် အမှတ်တရပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်မှု အခြေခံသင်တန်းဖွင့်



**ရန်ကုန် နိုဝင်ဘာ ၄**

သက်တံ့ရောင်စဉ်သမဝါယမအသင်းလီမိတက်က ကြီးမှူးကျင်းပသည့် ကျောက်မျက်ရတနာနှင့် အမှတ်တရပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်မှု အခြေခံ(အခမဲ့) သင်တန်းကို နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ သမဝါယမစီးပွားရေးဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည်။

သက်တံ့ရောင်စဉ်သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဒေါက်တာဦးလှဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမှတ်တရပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းက သင်တန်းသား သင်တန်းသူများအား အရောင်းဆိုင်ခန်းများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

အဆိုပါအခမ်းအနားတွင်လျှောက်ထားသူ၁၈၀ ကျော်ရှိရာ နေရာအခက်အခဲရှိသည့်အတွက် သင်တန်းသား ၇၀ သာ တက်ရောက်ခွင့် ပြုခဲ့သည်။ သင်ရိုးညွှန်းတမ်း သင်ထောက်ကူပစ္စည်းများကို အခမဲ့ပေးဝေကာ သင်တန်းဆရာ ဆရာမ ငါးဦးဖြင့် ပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂ ရက်မှ ၃၀ ရက်ထိဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝင်း**

**(ကြေးမုံ)**

## တိုတိုထွာထွာဖတ်စရာ

### အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

**စဉ့်ကိုင်**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာနကဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး ( မွမ်းမံ ) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲက အဆိုပါမီးသတ်ရုံးခန်းမတွင် ကျင်းပသည်။

သင်တန်းတွင် စစ်ရေးပြ၊ မီးသတ်ဆက်သွယ်ရေးစက်ကလေး၊ စက်ကြီးသုံးစွဲတတ်စေရေး၊ ကြိုးချည်နည်းဘာသာရပ်၊ မီးသတ်ပစ္စည်းများကိုင်တွယ်အသုံးပြုနည်းဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ လေးပတ်ကြာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းဝင်းသန်း(စဉ့်ကိုင် ပြန်/ဆက်)**

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီ က လက်ပံတန်းမြို့နယ် မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် မီးသတ်သမားများ သိထားသင့်သော ပညာရပ်ဆိုင်ရာဗဟုသုတများ၊ မီးသတ်ပစ္စည်းကိရိယာများထားသိုမှု စသည့်သင်ခန်းစာများအပြင် လက်နက်မဲ့စစ်ရေးပြဘာသာရပ်များ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၄ ရက်မှ ၂၉ ရက်အထိဖြစ်ကြောင်း သိရသည်။ **ဝင့်နန္ဒာဌေး**

**မိုင်းရှူး**

မိုင်းရှူးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မိုင်းရှူးမြို့နယ်မီးသတ်စခန်း၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**


**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မီးသတ်စခန်းတွင် နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ်(၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဝက်လက်မြို့ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်နိန်က မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ပိုမိုကျွမ်းကျင်စွာ တတ်မြောက်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ လေးပတ်ဖြစ်ကြောင်း သိရသည်။ **စိုးစိုးလှိုင်(ဝက်လက်)**

# အသင်းနည်းပြအဖြစ် ဆက်ရှိနေစေရေးအတွက် အမ်မရီအား အာဆင်နယ်က တစ်လအချိန်ပေးထား



ငွေကြယ် - စုစည်းသည်

အာဆင်နယ်အသင်းဟာ လက်ရှိအသင်းနည်းပြ အမ်မရီအား အသင်းနည်းပြအဖြစ် ဆက်လက်ရှိနေစေရေးအတွက် တစ်လအချိန်ပေးထားတယ်လို့ ဆိုပါတယ်။

နည်းပြအမ်မရီရဲ့ အာဆင်နယ်အသင်းအနေနဲ့ လက်ရှိပရီမီယာလိဂ်မှာ ရမှတ် ၁၇ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၅ နေရာမှာရပ်တည်နေတာဖြစ်ပေမယ့် ရလဒ်ပိုင်းတွေဆိုးရွားခဲ့တာကြောင့် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ဖို့အထိတောင် အာဆင်နယ်အသင်းက စီစဉ်ခဲ့တာဖြစ်ပါတယ်။

နည်းပြအမ်မရီကတော့ အခုနှစ် ဘောလုံးရာသီမှာ အဆင့် ၄ နေရာဝင်ဖို့ မျှော်လင့်ထားတဲ့အတွက် သူ့ရဲ့နည်းပြဘဝကို ချက်ချင်းထုတ်ပယ်ဖို့မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။

ဒါပေမယ့် အာဆင်နယ်အသင်းဟာ လာ့မယ်တစ်ပတ်မှာ ကစားမယ့် လက်စတာစီးတီးအသင်းနဲ့ပွဲစဉ်မှာ လက်စတာစီးတီးအသင်းကို ရှုံးနိမ့်ခဲ့မယ်ဆိုရင်တော့ အဆင့် ၄ နေရာက ချယ်လ်ဆီးအသင်းနဲ့ ကိုးမှတ်အထိ ကွာဟသွားမှာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ နည်းပြအမ်မရီရဲ့ စွမ်းဆောင်ရည်ကို လာမယ့်တစ်လစောင့်ကြည့်သွားဖို့ ဆုံးဖြတ်ထားပြီး ထင်သလို မဖြစ်ခဲ့ပါက အသင်းလက်မဲ့ဖြစ်နေတဲ့ နည်းပြမော်ရင်ဟိုနဲ့ အစားထိုးဖို့တောင် စီစဉ်ထားတယ်လို့ သတင်းတွေထွက်ပေါ်နေတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်ပြီးတဲ့နောက်မှာတော့ အာဆင်နယ်ပရိသတ် ၅၅၀၀၀ ကျော်က အွန်လိုင်းကနေ မဲပေးခဲ့ရာ နည်းပြအမ်မရီကို ထုတ်ပယ်ဖို့ရာခိုင်နှုန်းက ၈၈ ရာခိုင်နှုန်းအထိ ရှိထားခဲ့တာ ဖြစ်ပါတယ်။

ပရိသတ်တချို့ကလည်း နည်းပြအမ်မရီကို ထုတ်ပယ်ပြီး မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာရဲ့ နံပါတ် ၂ လက်ထောက်နည်းပြဖြစ်တဲ့ မိုက်ကယ်အာတီတာကို ခေါ်ယူဖို့လည်း တောင်းဆိုကြပါတယ်။ နည်းပြအမ်မရီကတော့ အာဆင်နယ်အသင်းကနေ ထွက်ခွာဖို့ဆိုတာ မဖြစ်နိုင်သေးဘူးလို့ ဆိုပါတယ်။



# မန်စီးတီးကွင်းလယ်လူ ဒေးဗစ်ဆေးလ်ဗား လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် လွဲချော်မည်

မန်စီးတီးအသင်းကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားဟာ လာမယ့်တစ်ပတ်မှာ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ ဒဏ်ရာရရှိနေတာကြောင့် လွဲချော်မှာဖြစ်ပါတယ်။

မန်စီးတီးအသင်းခေါင်းဆောင် ဒေးဗစ်ဆေးလ်ဗားဟာ မန်စီးတီးအသင်းက ဆောက်သမ်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်ရဲ့ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ကြွက်သားဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ပွဲစဉ်မှာ အသက် ၃၃ နှစ်အရွယ် ဒေးဗစ်ဆေးလ်ဗား မပါဝင်လာပါက ကွင်းလယ်ပိုင်းမှာ အားထားရတဲ့ကစားသမားတစ်ဦးကို ဆုံးရှုံးရတာဖြစ်လို့ မန်စီးတီးအသင်းနဲ့ နည်းပြဂွါဒီယိုလာအတွက် အခက်အခဲဖြစ်သွားနိုင်တယ်လို့လည်း သုံးသပ်ကြပါတယ်။

ဒေးဗစ်ဆေးလ်ဗားဟာ လီဗာပူးအသင်းနဲ့ပွဲစဉ်မှာ လွဲချော်မှာဖြစ်တဲ့အပြင် အတ္တလန္တာအသင်းနဲ့ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာလည်း မန်စီးတီးအသင်းနဲ့အတူ ပါဝင်လာမှာမဟုတ်ဘူးလို့ သိရပါတယ်။

ကြွက်သားဒဏ်ရာရရှိနေတာကြောင့် ဒေးဗစ်ဆေးလ်ဗားဟာ အနည်းဆုံး ၁၀ ရက်ကနေ ၁၂ ရက်အထိ အနားယူရလိမ့်မယ်လို့လည်း မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့ပါတယ်။

## အနုပညာ

# တေးဂီတနဲ့ ပရိသတ်ကိုဆွဲဆောင်သွားမယ်လို့ ဆိုလိုက်တဲ့ Newkidd

တောင်ကိုရီးယားရဲ့ တက်သစ်စ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Newkidd" ဟာ အဖွဲ့ဝင်ခုနစ်ဦး ပါဝင်တဲ့အဖွဲ့ဖြစ်ပြီး ပြီးခဲ့တဲ့ ဧပြီလတွင်းမှာမှ ပွဲဦးထွက်တေးသီချင်းကို ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ အဖွဲ့ရဲ့ ပွဲဦးထွက်တေးဗီဒီယိုဟာ မကြာသေးမီက ကြည့်ရှုသူအရေအတွက် တစ်သန်းပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

"Newkidd" ရဲ့ ပွဲဦးထွက်တေးသီချင်းကတော့ "Tu Eres" ဖြစ်ပြီး တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ပေးခဲ့ပါတယ်။ "You are" လို့ အဓိပ္ပာယ်ရတဲ့ အဆိုပါ တေးသီချင်းကို ပြည်ပကပရိသတ်တွေကို ဆွဲဆောင်လိုတဲ့ ရည်ရွယ်ချက်နဲ့ ပွဲဦးထွက်တေးသီချင်းမှာ နိုင်ငံခြားဘာသာနဲ့ သုံးနှုန်းထားတာဖြစ်တယ်လို့လည်း သိရပါတယ်။



Photo: Vannak Chea

ဒီလို အချိန်တိုအတွင်း အောင်မြင်မှုတွေရရှိခဲ့တဲ့ "Newkidd"အဖွဲ့နဲ့ ကွမ်ဟွန်း-ကိုရီးယားစာနယ်ဇင်းဖောင်ဒေးရှင်းမှပြုလုပ်တဲ့ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြသော အာဆီယံအပေါင်းသုံးမှ စာနယ်ဇင်းသမားများအဖွဲ့သွားရောက်တွေ့ဆုံစဉ် အဖွဲ့ဝင်လေးဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ(ဝဲပုံ)မှာ အဖွဲ့ဝင်တွေက အနာဂတ်မှာ တေးသီချင်းပုံစံမျိုးစုံကို ဖန်တီးသွားဖို့ရာ စီစဉ်ထားကြောင်း၊ တေးသီချင်းပုံစံမျိုးစုံကို တတ်နိုင်သမျှဖန်တီးကာ အဖွဲ့ဝင်တွေရဲ့ အရည်အချင်းများကို ချပြသွားမှာဖြစ်ကြောင်းနဲ့ ပရိသတ်နဲ့ အဆက်မပြတ်ထိတွေ့နိုင်အောင် ကြိုးပမ်းကာ ပရိသတ်နဲ့အတူ ကြီးပြင်းသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အောင်မြင်မှုရရှိအောင် ကြိုးပမ်းရာမှာလည်း တေးဂီတနဲ့ ပရိသတ်တွေကို အဓိကဆွဲဆောင်သွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

"Newkidd"ဟာ အမေရိကန်တေးဂီတဈေးကွက်အတွင်း စတင်ဝင်ရောက်ခဲ့သည်မှ နှစ်လခန့်အတောအတွင်း နာမည်ကောင်းရရှိအောင် စွမ်းဆောင်ထားနိုင်တဲ့ အဖွဲ့တစ်ဖွဲ့လည်း ဖြစ်ပါတယ်။ အဆိုပါ တေးဂီတအဖွဲ့ဟာ အာရှနိုင်ငံတွေက ပရိသတ်တွေနဲ့လည်း တွေ့ဆုံနိုင်အောင် ကြိုးပမ်းလျက်ရှိပါတယ်။ ယခုလအတွင်း ရုရှား၊ ဥဇဘတ်ကစ္စတန်နဲ့ ကာဇက်စတန်နိုင်ငံတွေမှာ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေပြုလုပ်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်



# ဂျန်ကွတ်ခ်ရဲ့ ယာဉ်တိုက်မှုနဲ့ပတ်သက်ပြီး အေဂျင်စီထုတ်ပြန်

တောင်ကိုရီးယားရဲ့ကမ္ဘာကျော် ကေပေါ့ပ်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်ကွတ်ခ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက ယာဉ်တိုက်မှုတစ်ခုဖြစ်ခဲ့ပြီး ဒီယာဉ်တိုက်မှုမှာ ပေါ့ပ်ကြယ်ပွင့်ဟာ ယာဉ်စည်းကမ်းကို ချိုးဖောက်ခဲ့တယ်လို့ သိရပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး နိုဝင်ဘာ ၄ ရက်မှာ အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက တရားဝင်ထုတ်ပြန်ချက်ရေးသားဖော်ပြခဲ့ကြောင်း ကိုရီးယားဘိုးဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘစ်ဟစ်အန်တာတိန်းမန့်ရဲ့ ဖော်ပြချက်မှာ ယာဉ်တိုက်မှုကြောင့် ဂျန်ကွတ်ခ်ရော တိုက်မိခဲ့တဲ့ အငှားယာဉ်မှ ယာဉ်မောင်းပါ ထိခိုက်ဒဏ်ရာကြီးကြီးမားမားရရှိခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။ ဒီအမှုကို ဆက်လက်စုံစမ်းနေဆဲဖြစ်တာကြောင့် အသေးစိတ်ကို ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိသေးကြောင်းလည်း အေဂျင်စီက ဆိုပါတယ်။

ဂျန်ကွတ်ခ်ဟာ နိုဝင်ဘာ ၂ ရက်က သူ့ရဲ့ မာစီဒီးစ်ဗန်ဇ်ကို ဟန်နန်ဒုံပတ်ဝန်းကျင်မှာ မောင်းနှင်ခဲ့စဉ် အငှားယာဉ်တစ်စီးကို ဝင်တိုက်မိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ယွန်ဆန်းရဲ့ဌာနရဲ့ ပြောကြားချက်အရ ဂျန်ကွတ်ခ်ဟာ ဥပဒေကို ချိုးဖောက်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒီယာဉ်တိုက်မှုကြောင့် ဂျန်ကွတ်ခ်ရော အငှားယာဉ်မောင်းပါ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ကာဆေးရုံတက်ရောက်ခဲ့ရတယ်လို့လည်း သိရပါတယ်။

# ယခုလအတွင်း ပရိသတ်ရှေ့အရောက်ပြန်လာမယ့် EXO

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ဟာ နိုဝင်ဘာ ၂၇ ရက်မှာ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်လာမှာဖြစ်တယ်လို့ သိရပါတယ်။ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့်သတင်းကိုတော့ အဖွဲ့ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတွေပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ "Obsession" လို့ အမည်ရပြီး တေးသီချင်းသစ် ၁၀ ပုဒ် ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်ဟာအဖွဲ့ရဲ့ ခြောက်ခုမြောက် တေးအယ်လ်ဘမ်ဖြစ်လာမှာဖြစ်ပြီး ဒီတေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့တစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ထုတ်လွှင့်မယ့် အဖွဲ့ရဲ့တေးအယ်လ်ဘမ်လည်းဖြစ်တယ်လို့ သိရပါတယ်။

# ကျိုတိုမှ ပေးစာများ - ၁

## (ကျိုတိုပထမနေ့ရက်များ)

■ အောင်အောင် IR

ဂျပန်နိုင်ငံအခြေစိုက် ဂျပန်ဖောင်ဒေးရှင်း (The Japan Foundation) မှ ထောက်ပံ့ကြေးငွေရရှိသဖြင့် စာရေးသူ ကျိုတိုတက္ကသိုလ်(Kyoto University)၊ အရှေ့တောင်အာရှဒေသ လေ့လာရေးစင်တာ (Center for Southeast Asian Studies – CSEAS) တွင် ဧည့်သုတေသီတာဝန်များကို ခြောက်လကြာ သွားရောက်ထမ်းဆောင်ခွင့် ရရှိပါသည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ဂျပန်နိုင်ငံ ကျိုတိုမြို့သို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ တစ်ဆင့် ထိုင်းလေကြောင်း (TG 306) ဖြင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညနေ ၇ နာရီ မိနစ် ၅၀ တွင် ထွက်ခွာလာရာ ဂျပန်နိုင်ငံ အိုဆာကာမြို့(Osaka) ကန်ဆိုင်းလေဆိပ် (Kansai International Airport) သို့ အောက်တိုဘာလ ၁ ရက်နေ့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိပါသည်။

လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် သတင်းပို့ပြီးနောက် လိုအပ်သည့် စာရွက်စာတမ်းများ စိစစ်ကာ စာရေးသူအား ဂျပန်နိုင်ငံတွင် ခြောက်လတာ နေထိုင်ခွင့်ကတ်ပြားထုတ်ပေးပါသည်။ ထို့နောက် ခရီးဆောင်အိတ်အား ရွေးယူပြီးနောက် ကြိုတင်ငှားရမ်းထားသော အငှားယာဉ်ဖြင့် အိုဆာကာမြို့ ကန်ဆိုင်းလေဆိပ်မှ နံနက် ၈ နာရီခွဲခန့်တွင် ဆက်လက်ထွက်ခွာလာရာ ခြောက်လကြာ တည်းခိုနေထိုင်မည့် ကျိုတိုမြို့ရှိ အိုကာဇာကီအဆောင်(Okazaki International House) သို့ နံနက် ၁၁ နာရီဝန်းကျင်ခန့်တွင် ရောက်ရှိပါသည်။

အငှားယာဉ် (တက္ကစီ) ဆိုသော်လည်း တစ်ဦးချင်းငှားရမ်းခြင်းမျိုးမဟုတ်ဘဲ ခရီးသည်များ စုပြီးငှားရမ်းသည့် အငှားယာဉ်ဖြစ်ရာ လူ ခုနစ်ဦး၊ ရှစ်ဦးခန့် လိုက်ပါနိုင်သော တိုယိုတာတောင်းအေ့စ်ပုံစံမျိုး ဖြစ်ပါသည်။ စာရေးသူ၏ကားတွင်မှု စာရေးသူနှင့် အခြားခရီးသည် သားအမိနှစ်ယောက်သာ ပါရှိပါသည်။ အိုဆာကာ၊ ကန်ဆိုင်းလေဆိပ်မှ တိုကျိုအဆောင်ထိ ကားခငွေ ယန်း ၄၀၀၀ ကျသင့်ပါသည်။ ခရီးသည်တစ်ဦးလျှင် ခရီးဆောင်အိတ်ကြီးတစ်အိတ် ခွင့်ပြုပြီး နောက်ထပ်အိတ်အပိုပါလျှင် တစ်အိတ်လျှင် နောက်ထပ် ယန်း ၁၀၀၀ ထပ်မံကျသင့်ပါမည်။

### သင့်တင့်အဆင်ပြေ

ကန်ဆိုင်းလေဆိပ်တွင် ယခုကဲ့သို့ စုပေါင်းအငှားကားဝန်ဆောင်မှုလုပ်ငန်း နှစ်ခုရှိပြီး MK Taxi နှင့် YASAKA Taxi တို့ဖြစ်ပါသည်။ စာရေးသူသည် MK Taxi အား ရန်ကုန်တွင်ရှိစဉ်ကပင် အင်တာနက်မှတစ်ဆင့် ကြိုတင်ဘွတ်ကင်ယူခဲ့သော်လည်း ခရီးသည်များပြည့်နေသဖြင့် YASAKA Taxi ကို အသုံးပြုခဲ့ပါသည်။ ဈေးနှုန်းလည်း သင့်တင့်ပြီး အဆင်ပြေပါသည်။

အိုကာဇာကီအဆောင်သည် ကျိုတိုတက္ကသိုလ်၏ အဆောင် ခုနစ်ဆောင်အနက်မှ တစ်ဆောင်ဖြစ်ပြီး လေးထပ်အဆောက်အဦဖြစ်သည်။ အဆောင်မှာ အသစ်ဖြစ်ပြီး စာရေးသူ ကျိုတိုသို့ရောက်ရှိသည့် အောက်တိုဘာလ ၁ ရက်နေ့တွင်မှ စတင်ဖွင့်လှစ်ခြင်းဖြစ်သည်။ စာရေးသူသည် ကျိုတိုတက္ကသိုလ်၏ စင်တာတွင် အချိန်ပိုင်းတာဝန်ထမ်းဆောင်မည်ဖြစ်သဖြင့် ကျောင်းအဆောင်တွင် နေထိုင်ခွင့်ရခြင်းဖြစ်သည်။ အဆောင်အခန်းများမှာ ခေတ်မီအသုံးအဆောင်ပစ္စည်းများပါရှိသဖြင့် အခြားအဆောင်များနှင့်စာလျှင် ငှားရမ်းခကြီးမြင့်ပါသည်။ သို့သော် ကျောင်းအဆောက်အဦများနှင့်မူ အတန်ငယ်ကွာဝေးပါသည်။ အခြားအဆောင်များမှာ ကျောင်းအဆောက်အဦများဆီသို့ ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် လမ်းလျှောက်လျှင်ရောက်သော်လည်း စာရေးသူ၏ အဆောင်မှမူ မိနစ် ၂၀၊ ၂၅ မိနစ်ခန့် လျှောက်ရပါသည်။ ဆိုရလျှင် စာရေးသူအဆောင်မှ အလုပ်ရှိလျှင် စင်တာသို့ နေ့စဉ် အသွား မိနစ် ၂၀၊ အပြန် မိနစ် ၂၀ ခန့် လမ်းလျှောက်ရပါသည်။ ဘတ်စ်ကားရှိသော်လည်း နှစ်ဆင့်ခန့်စီးရမည်ဖြစ်ရာ နေ့စဉ်လမ်းလျှောက်ခြင်းမှာ ကျန်းမာရေးနှင့်ပင် ညီညွတ်ပေသေးတော့သည်။

### ရှင်းလင်းပြောကြား

အဆောင်သို့ရောက်ရောက်ချင်း အဆောင်တာဝန်ရှိသူများက စာရေးသူနှင့် အခြားအဆောင်နေကျောင်းသူတစ်ဦးတို့အား အဆောင်အကြောင်း အသေးစိတ်ရှင်းပြပြီး အဝတ်လျှော်စက်အသုံးပြုပုံ၊ အမှိုက်စွန့်ပစ်ပုံ၊ ကိုယ်ပိုင်စာတိုက်ပုံးအသုံးပြုပုံ၊ အရေးပေါ်ဆက်သွယ်ခေါ်ဆိုနည်း စသည်တို့အား ရှင်းပြပါသည်။ ထို့နောက် စာရေးသူနေထိုင်မည့် အခန်း ၃၀၁ သို့သွားရောက်ကာ အခန်းတွင်းပစ္စည်းများကို အသေးစိတ် ရှင်းလင်းပြောကြားပါသည်။

စည်းကမ်းချက်များတွင် အခန်းအတွင်း ဖိနပ်မစီးရန်နှင့် ညအိပ်အဖော်မခေါ်ရန် ပါရှိပါသည်။ အခန်းမှာ သေးငယ်ပါသည်။ ခုတင်မှာ သေးငယ်ပါသည်။ ခေါင်းအုံး၊ မွေ့ရာမှာ သေးငယ်ပါသည်။ သို့သော် အဲကွန်း၊ စာရေးစားပွဲ၊ စာအုပ်စင်၊ ရေပူ၊ ရေအေး၊ အိမ်သာ၊ ရေချိုးခန်း၊ ချက်ပြုတ်ရန် လျှပ်စစ်မီးဖို၊ မိုက်ကရိုဝေ့ဖ်၊ ပန်းကန်ဆေးကြောရန် စတီးဘေစင်တစ်လုံးနှင့် သွားတိုက်၊ မျက်နှာသစ်ရန် ကြွေဘေစင်တစ်လုံး ပါရှိပါသည်။ ထို့အပြင် နေရာတိုင်းတွင် ပစ္စည်းများထားသိုရန် နံရံကပ်စင်များ၊ အံဆွဲများထားရှိလေရာ ပါလာသည့်ပစ္စည်းများမှာ သူ့နေရာနှင့်သူ ရောက်ရှိအဆင်ပြေသွားပါသည်။ နေရာသေးသေးကျဉ်းကျဉ်းတွင် အလေအလွင့်မရှိ အလုပ်ဖြစ်အောင် စီစဉ်ထားသိုတတ်သော ဂျပန်တို့၏ စီမံခန့်ခွဲမှုအရည်အသွေးကို သတိပြုမိသည်။ အရွယ်အစားသေးငယ်သော်လည်း စွမ်းဆောင်ရည်မြင့်မားပြည့်ဝရမည်ဆိုသည်မှာ ဂျပန်စံတစ်ခုပင်ဖြစ်တော့သည်။ ကျောင်းဆောင်ငှားရမ်းခမှာ တစ်လလျှင် ဂျပန်ယန်း ၆၅၃၀၀ ခန့်ကျသင့်ပြီး ရေဖိုး၊ မီးဖိုး၊ အင်တာနက်အသုံးပြုခ၊ ခုတင်၊ မွေ့ရာငှားရမ်းခ စသည်တို့ကို လစဉ် ထပ်မံပေးဆောင်ရမည်ဖြစ်သည်။

> ■ နေရာသေးသေးကျဉ်းကျဉ်းတွင် အလေအလွင့်မရှိ အလုပ်ဖြစ်အောင် စီစဉ်ထားသိုတတ်သော ဂျပန်တို့၏ စီမံခန့်ခွဲမှုအရည်အသွေးကို သတိပြုမိ
>
> ■ အရွယ်အစား သေးငယ်သော်လည်း စွမ်းဆောင်ရည် မြင့်မားပြည့်ဝရမည် ဆိုသည်မှာ ဂျပန်စံတစ်ခုပင်ဖြစ်

အဆောင်တွင် ပစ္စည်းများနေရာချထားပြီးနောက် ခေတ္တအနားယူကာ နေ့လယ်ဘက်တွင် အလုပ်လုပ်မည့် ကျိုတိုတက္ကသိုလ်ဝင်းအတွင်းရှိ CSEAS ရုံးဆီသို့ သွားရောက်သတင်းပို့သည်။ တာဝန်ရှိသူ ဝန်ထမ်းအမျိုးသမီးက ရုံးနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ စည်းမျဉ်းစည်းကမ်းများကိုရှင်းပြပြီးနောက် စာရေးသူ ရုံးခန်းရှိရာသို့ လိုက်လံပို့ဆောင်ပေးပါသည်။ ရုံးခန်းသော့၊ ကျိုတိုတက္ကသိုလ်အသိအမှတ်ပြုကတ်၊ စာကြည့်တိုက်ကတ်၊ အဆောက်အဦဝင်ခွင့်ကတ် စသည်ဖြင့် ကတ်ပေါင်းများစွာ စာရေးသူထံရောက်ရှိလာလေရာ ၎င်းကတ်များအပြင် လေဆိပ်လူဝင်မှုကြီးကြပ်ရေးမှ ထုတ်ပေးသော နေထိုင်ခွင့်ကတ်၊ အဆောင်မှပေးသော အဆောင်ဝင်၊ ထွက်ခွင့်ကတ်၊ ဘဏ် ငွေထုတ်စက်ကတ်၊ ကျန်းမာရေးစောင့်ရှောက်မှု အာမခံကတ်၊ ဘတ်စ်ကား၊ ရထားစီးကတ် စသည်တို့ဖြင့် မနည်းမှတ်သားသိမ်းဆည်းရလေသည်။

ဒါတွေက ပြည်ပသို့ အကြိမ်ကြိမ်ထွက်နေသော စာရေးသူအဖို့ မဆန်းလှသော်လည်း ကတ်ပေါင်းများစွာ မှတ်သားသိမ်းဆည်းရခြင်းကို အမှန်ပင် မနှစ်မြို့လှပါပေ။ သို့သော်ငြား ရောမသို့ရောက်ပါက ရောမလို ကျင့်ရမည်သာဖြစ်ပေသည်။

### သမိုင်းဖြစ်ရပ်တစ်ခု

စာရေးသူ၏ရုံးခန်းမှာ CSEAS ၏ ဗဟို အဆောက်အဦ (Common Building) တွင် တည်ရှိပြီး အဆိုပါအဆောက်အဦတွင် ပရော်ဖက်ဆာအချို့နှင့် CSEAS ၏ အကြီးအကဲလည်း ရုံးထိုင်ပါသည်။ CSEAS တွင် ဂျပန်နိုင်ငံအတွက်ရော မြန်မာနိုင်ငံအတွက်ပါ အရေးပါသော သမိုင်းဖြစ်ရပ်တစ်ခုရှိပါသည်။ (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တစ်ချိန်က ၁၉၈၅ ခုနှစ် အောက်တိုဘာလမှ ၁၉၈၆ခုနှစ် ဇွန်လအထိ ကိုးလကြာ ယခု CSEAS ရုံးတွင် ဧည့်သုတေသီတာဝန်များကို ထမ်းဆောင်ခဲ့ဖူးကြောင်း သိရပါသည်။)

စာရေးသူသည် ဥရောပသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာသံရုံး (အီးယူ) တွင် နိုင်ငံရေးအရာရှိအဖြစ် ငါးနှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင်မှ ရာထူးတာဝန်များမှ တရားဝင်နုတ်ထွက်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါနေ့တွင်ပင် ရန်ကုန်မြို့မှ ကျိုတိုမြို့သို့ ထွက်ခွာလာခြင်းဖြစ်လေရာ နောက်တစ်နေ့ အောက်တိုဘာလ ၁ ရက်နေ့တွင် နိုင်ငံအသစ်၊ ဒေသအသစ်၊ အလုပ်အသစ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းမျိုးလည်း ဖြစ်လေသည်။

ရန်ကုန်မြို့ အီးယူသံရုံးသည် ကမာရွတ်မြို့နယ် လှည်းတန်းစင်တာတွင် တည်ရှိပါသည်။ လှည်းတန်းစင်တာအနီးသည် အင်မတန် လူ၊ ကား ရှုပ်ထွေးပြီး ဆူညံလှပါသည်။ ရုံးရှိရာသို့ လှည်းတန်းလမ်းတစ်ဝိုက် ကားလမ်းကူးခြင်းသည် စွန့်စားခန်းတစ်ခုသဖွယ်ဖြစ်ပါသည်။ လူများလျှင် လူနိုင်ပါသည်။ ကားများလျှင် ကားနိုင်ပါသည်။ လူများကလည်း လစ်လျှင် လစ်သလို ကူးကြသည်။ ကားများကလည်း နာမည်ကျော် လှည်းတန်းမီးပွိုင့်လွတ်အောင် မီးစိမ်းချိန်အရှိန်ဖြင့် မောင်းကြသည်။ ကားဟွန်းသံများ၊ ဆဲဆိုဆူညံသံများ အမြဲကြားရလေ့ရှိသည်။ လမ်းတစ်လျှောက်မှာလည်း ဖုန်နံ့၊ ကားမီးခိုးနံ့များ အမြဲလွင့်ပျံ့နေလေ့ရှိသည်။ ယခုမူ အလုပ်ဝန်းကျင်ကား လုံးဝကွဲပြားလေပြီ။ အလုပ်သွားရာ လမ်းတစ်လျှောက် ကျိုတိုမြို့ရှိ အိမ်များ၊ ကားများ၊ လမ်းများမှာ တိတ်ဆိတ်ငြိမ်သက်လှပါဘိတောင်း။

စည်းကမ်းရှိလှပါဘိတောင်း။ သန့်ရှင်းသပ်ရပ်လှပါဘိတောင်း။ စာရေးသူ၏နေရာပြောင်း၊ အလုပ်ပြောင်း၊ နိုင်ငံပြောင်းဘဝ တစ်ဆစ်ချိုး ကျိုတိုနေ့ရက်များက စတင်လေပြီ။



အရှေ့တောင်အာရှဒေသလေ့လာရေးစင်တာအနီးရှိ ပန်းခြံ



အဆောင်အနီးရှိလမ်း




အိုကာဇာကီကျောင်းအဆောင်

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန်သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။

သမ္မတ သင်္ကန်းဆိုင်များ အားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ / လက်ကား ဝယ်ယူ ရရှိနိုင်ပါသည်။

စည်းစိမ်မင်း 09-444450446, 09-444450658, 09-250144709
F.B Page:
Hotel/ Motel

သိန်းသန်းဆက်
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

ဖိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်းများကို 15', 16'
Box ကားနှင့် လုပ်သားများအပါ။
မြို့တွင်း / နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
09 5024774
09 73179228
09 49155515

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၆ / ၂၀၁၉ -၂၀၂၀)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L-153(19-20) | Spares for Volvo Tractor (54) Items | Ks |
| (ခ) | DMP/L-154(19-20) | Spares for National C245-125 Torque Converter(25) Items | Ks |
| (ဂ) | DMP/L-155(19-20) | Spares for Kobelco Excavator (73) Items | Ks |
| (ဃ) | DMP/L-156(19-20) | Spares for Drilling Rig Drive Group (21) Items | Ks |
| (င) | DMP/L-157(19-20) | Spare for National C 300-100 (FH) Torque Converter (25) Items | Ks |
| (စ) | DMP/L-158(19-20) | Spares for A 1700 PT Pump Ex USS Oil Well Rig (16) Items | Ks |
| (ဆ) | DMP/L-159(19-20) | Assorted Sizes of Seamless Steel Casing (3) Items | Ks |
| (ဇ) | DMP/L-160(19-20) | Assorted Sizes of TRI Cone Bits (10) Items | Ks |
| (ဈ) | DMP/L-161(19-20) | Air Clutch & Spares forDrawworks and Catworks (6) Groups | Ks |
| (ည) | DMP/L-162(19-20) | Spares for Drawwork and Catwork (6) Groups | Ks |
| (ဋ) | DMP/L-163(19-20) | Spares for All Swivels (7) Groups | Ks |
| (ဌ) | DMP/L-164(19-20) | 5'' Drill Pipe for HDD Rig (1900) M | Ks |
| (ဍ) | DMP/L-165(19-20) | Hand Tools for BOP and Wellhead (9) Items | Ks |
| (ဎ) | DMP/L- 166(19-20) | Power Tong & Air Winch Spares (4) Groups | Ks |
| (ဏ) | DMP/L-167(19-20) | Assorted Sizes of Steel Wire Rope (10) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် **(www.moee.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၄-၁၂-၂၀၁၉ ရက်၊ ၁၄:၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ **(လူကိုယ်တိုင်)**လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**







"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
09-73122029
09-795669534

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံငှားနိုင်ပါသည်၊
09 - 5059821
09 - 43117680

KN tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

ဧရာဝတီခြည်ထစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

## အများသိရှိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမျိုးသန့်ခိုင် [၈/ခမန(နိုင်)၁၃၉၆၈၂] နှင့် ဒေါ်ခင်မို့မို့ကျော် [၅/ကလဝ(နိုင်)၀၃၃၇၆၆] နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ စစ်ကိုင်းလမ်း၊ အမှတ်(၅၃၁၃)နေထိုင်သူတို့၏ ညွှန်ကြားချက်အရ အများသိရှိစေရန် အသိပေးအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများ၏ အသုံးပြုသယောင်ဖြင့် ဖုန်းနံပါတ် ၀၉-၆၇၉၄၄၈၂၆၄ နှင့် ၀၉-၉၆၁၂၀၉၁၈၂တို့မှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေ၏ မိတ်ဆွေအပေါင်းအသင်းများသို့ မမှန်မကန်ခြိမ်းခြောက်သည့် စာများအား ပေးပို့နေကြောင်း သိရှိရပါသည်။ ယင်းဖုန်းနံပါတ်များအား ကျွန်ုပ်မိတ်ဆွေများသည် အသုံးပြုခြင်းလုံးဝမရှိသကဲ့သို့ မည်သူတစ်ဦးကိုမျှ မည်သည့်ဖုန်းနှင့်မဆို အသုံးပြု၍ ခြိမ်းခြောက်ခြင်း၊ ယုတ်ရင်းကြမ်းတမ်းသော စကားများအား ပြောကြားခြင်း စသည့်စာများအား မက်ဆေ့မှတစ်ဆင့် ပေးပို့ခြင်းများ ပြုလုပ်မည်မဟုတ်ပါကြောင်းနှင့် ယင်းအောက်တန်းကျသော အပြုအမူများအား ကျွန်ုပ်မိတ်ဆွေများမှ လုံးဝလုံးဝ မပြုလုပ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေများ၏ အသိမိတ်ဆွေများနှင့် လူအများအား သိရှိစေအပ်ပါသည်။ ထို့အပြင် အင်တာနက်လူမှုကွန်ရက်ပေါ်တွင် Yanlinn Aung, New Yentအစရှိသည့် fb အကောင့်အတုများမှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေများ၏ ပုံများအား အသုံးပြု၍ ကျွန်ုပ်မိတ်ဆွေများအား ဂုဏ်သိက္ခာကျဆင်းစေရန် မမှန်မကန်ရေးသားပို့စ်တင်ခြင်းများ ပြုလုပ်သည့်အပြင် ယင်းအကောင့်မှ တင်သောပို့စ်များအား မောင်လူအေး (Dath ThaGyi) fb အကောင့်မှ တစ်ဆင့်ပြန်လည်၍ ရှယ်ခြင်း၊ fb online group များသို့ ထပ်မံဖြန့်ဝေခြင်းများ ပြုလုပ်လျက်ရှိနေပါသည်။

သို့ဖြစ်ရာ အထက်ပါဖြစ်ရပ်နှစ်ခုမှ တူညီမှုရှိနေပြီး ကျွန်ုပ်မိတ်ဆွေများအား ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်နေခြင်းဖြင့် အဆိုပါလုပ်ရပ်များလုပ်ဆောင်နေသူများအနေနှင့် နောင်တွင် ဤကဲ့သို့သော လုပ်ရပ်မျိုး မပြုလုပ်ရန် အသိပေးတားမြစ်အပ်ပါသည်။

ထိုသို့မဟုတ်ဘဲ ဆက်လက်ပြုလုပ်ကျူးလွန်နေမည်ဆိုပါက ထိုသို့ပြုလုပ်သူများအား တည်ဆဲဥပဒေများနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဆင့်သီရိခင်ဇော်** | **ဦးသိန်းလှိုင်ထွန်း (LL.B)** |
| **LL.B, D.M.L** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ** | **အမှတ်-၉၃/ခ၊ စကားဝါလမ်း၊** |
| **(စဉ်-၁၄၈၄၄) (၁၁-၇-၂၀၁၈)** | **(၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)** |
| **၁၃၀၂၊ ရွှင်းသာလမ်း၊** | **မြို့နယ်၊ ရန်ကုန်မြို့။** |
| **၆- အရှေ့ရပ်ကွက်၊ သာကေတ** | **ဖုန်း၀၉-၉၇၉၃၁၀၀၉၅** |
| **မြို့နယ်၊ ရန်ကုန်မြို့။** | |
| **ဖုန်း-၀၉-၇၉၆၄၁၅၁၀၈၊ ၀၉-၄၀၄၂၂၉၆၁၇** | |

တောမဲ့ မြေသားရေတိုက်စား ၏

## ဝမ်းနည်းကြေကွဲခြင်း

**Dr ထွန်းလွင်**

**CEO,MCCW**

**ညွှန်ကြားရေးမှူးချုပ် မိုး/ဇလဌာန(ငြိမ်း)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ တိုက်(၆)၊ အခန်း(၁)နေ ဒေါ်မူမူသန်း၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာထွန်းလွင်သည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆:၅၇ နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်း မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## သမားတော်ကြီး ဒေါက်တာဦးသိန်းဟံ

**အသက်(၇၉)နှစ်**

သူငယ်ချင်း Dr.အေးအေးမွန်၏ဖခင် ကျေးဇူးရှင် ဆရာကြီး ဒေါက်တာဦးသိန်းဟံ အသက်(၇၉)နှစ်သည် ၄-၁၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**1983 Batch IM II တပည့်များ**

**ဗိုလ်ကြီးခင်မောင်ဌေး(ငြိမ်း)၊ OTS(၈၄) (၅၉)နှစ်**

**ကြည်း-၂၃၄၅၁**

**လက်ထောက်ညွှန်ကြားရေးမှူး**

**အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နေ (ဦးညွှန့်မောင်)-ဒေါ်တင်ပိုတို့၏ သား၊ တပ်ကုန်းမြို့နေ ဦးဘိုလှဝင်း-ဒေါ်မြရွှေ တို့၏ သားသမက်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက်(၇၀)၊ အခန်း(၁၄)နေ မောင်ဝေယံခန့် (ကျောက်စိမ်းတူးဖော်ရေးဌာန-လုံခင်း)-မစောမြတ်နန္ဒာ၊ မောင်ဝင်းနောင်ဖြိုးတို့၏ မွေးသဖခင်၊ ဒေါ်စန်းယုခိုင် ၏ ချစ်လှစွာသော ခင်ပွန်းသည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၆:၁၀ နာရီတွင် အမှတ်(၂)၊ တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း ၂၃၄၅၁၊ ဗိုလ်ကြီး ခင်မောင်ဌေး (ဖိုးလုံး)(၅၉)နှစ်**

**လက်ထောက်ညွှန်ကြားရေးမှူး**

**အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက် (၇၀)၊ အခန်း (၁၄)နေ မောင်ဝေယံခန့် (ကျောက်စိမ်းတူးဖော်ရေးဌာန၊ လုံးခင်း)-မစောမြတ်နန္ဒာ၊ မောင်ဝင်းနောင်ဖြိုးတို့၏ ဖခင်၊ ဒေါ်စန်းယုခိုင်၏ ချစ်လှစွာသောခင်ပွန်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ် (၈၄)၊ သူရတပ်ခွဲ သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး**

**သီဟမင်း၊ ကြယ်စင်ဟိန်း၊ မင်းထက်ဟိန်းနှင့် မော်လမြိုင်-ထားဝယ်အသင်းဥက္ကဋ္ဌ**

## ဦးစိန်မြင့်

**အသက်(၇၆)နှစ်**

မော်လမြိုင်မြို့၊ ဈေးကြိုကားဝင်း၊ အမှတ် (၁၄)နေ ဒေါ်သွန့်တင် (ဆရာမကြီး-ငြိမ်း)၏ခင်ပွန်း ဦးစိန်မြင့်သည် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကျွန်တော်၊ ကျွန်မတို့ ထားဝယ်အသင်း(မန္တလေး)၏ အသင်းသူ/အသင်းသားများက ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ ထားဝယ်အသင်း(မန္တလေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ဝင်းရီ(ရွှေဘို) အသက်(၇၂)နှစ်**

**B.Com (A.A) R.A**

**ဒု-တိုင်းစာရင်းစစ်အရာရှိ (ငြိမ်း)**

**KHIN WIN YI ~ ASSOCIATES AUDIT FIRM**

**၁၉၆၄-၆၈ စီးပွားရေးတက္ကသိုလ်ကျောင်းသူဟောင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေမိုးကောင်းကွန်ဒိုအိမ်ရာ၊ တိုက် (၁၁၂)၊ C-၂၀၁ နေ ဒေါ်ခင်ဝင်းရီ(ရွှေဘို)သည် ၂၁-၁၀-၂၀၁၉ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စီးပွားရေးတက္ကသိုလ်၊ ၁၉၆၄-၆၈ ခုနှစ်၊ သူငယ်ချင်းများ**

## ဦးကျော်ဟန်@ John Lin

**နယူးယောက်ရွှေဆိုင်ဖခင်ကြီး**

**(အောင်ချမ်းသာ စွပ်ကျယ်စက်)**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၆၃၆)နေ ဒေါ်လှရင် (နယူးယောက် စိန်ရွှေရတနာရွှေဆိုင်)၏ ခင်ပွန်း၊ ဒေါ်စိန်စိန်ကျော်ဟန်(ခ) အဲလစ်စဘတ်ခ်ိ-ဦးဂျင်မီခ်ိ၊ ဦးကျင်စိန်-ဒေါ်ခင်စန်းရီ (နယူးယောက်စိန်ရွှေရတနာဆိုင်)၊ လင်ဟုတ်စူး-ဒေါ်ဆွေလှဲ့သင်း၊ Jack Lin(ခ)ဦးဟုတ်လိုင်-ဒေါ်ခင်မိုးမြင့်၊ ဦးမောင်အေး-ဒေါ်ဝင်းဝင်းမော်၊ ဒေါ်ခင်သိန်း-ဦးကျော်လင်း၊ George lin(ခ)ဦးကျော်စိုး-Angela Hung တို့၏ ဖခင်ကြီး၊ မြေး ၂၀၊ မြစ်ခုနစ်ယောက်တို့၏ အဘိုးသည် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## လွမ်းဆွတ်သတိရခြင်း

**ကိုဝေဖြိုးအောင်(B.Sc.Geology)**

**Assistant Sale Manager (Sony Showroom Junction City)**

**TMW Enterprise Ltd.**

**(TTC ကျောင်းသားဟောင်း-၂၀၀၀ခုနှစ်)**

**(၅-၁၁-၂၀၁၈)**

မြတ်နိုးတွယ်တာရသော သားလေး ကွယ်လွန်ခဲ့သည်မှာ (၁)နှစ် ပြည့်မြောက်ခဲ့ပါပြီ။ အချိန်နှင့်အမျှ လွမ်းဆွတ်တမ်းတ သတိရနေကြဆဲပါ။ မိသားစုရဲ့ အမြဲမပြတ် အပတ်စဉ်၊ လစဉ်နှင့် ယခု နှစ်စဉ်မှာ ပြုလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ ဝမ်းမြောက်အနုမော် သာခုခေါ်ဆိုနိုင်ပါစေ။ ဘဝဆက်တိုင်း အသက်ရှည်အနာကင်းပြီး ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

**ဖေဖေ-ဦးကျော်ဝင်းသိန်း မမကြီး-ခင်သီတာဖြူ**

**မေမေ-ဒေါ်မြင့်မြင့်သန်း မမလတ်-ခင်သော်တာဝင်း**

**မမလေး-ခင်ကြည်ပြာဝင်း**

## ရဟန်းဒါယိကာမကြီး

**ဒေါ်အေးအေးသန်း**

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့နေ(ဦးချစ်ဖေ-ဒေါ်ဟုန်)တို့၏ သမီး၊ (ဦးဘတင်-ဒေါ်အေးဟန်)တို့၏ သမီးချွေးမ၊ (ဦးကြည်စိန်-ဒေါ်သန်းရီ)တို့၏ ညီမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ အမှတ်(၃၁)၊ ကျန်စစ်သားလမ်းနေ ဒုတိယဗိုလ်မှူးကြီးအောင်ကြွယ်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မိမိနိုင်၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်အေးအေးသန်းသည် ၂-၁၁-၂၀၁၉ (စနေနေ့) ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၉(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဇနီးမယားအဖြစ်မှ တရားဝင် စွန့်လွှတ်ခြင်းမှပယ်ဖျက်ခြင်း

ကျွန်တော် ဦးဇော်အောင် [၁၂/လသန(နိုင်)၀၁၄၅၇၃]၏ ဇနီး ဒေါ်ဖြူဖြူသီ [၁၄/ဖပန(နိုင်)၁၂၁၉၅၆]သည် ကျွန်တော့်အပေါ်တွင် မှားခဲ့သည်ကို ခွင့်လွှတ်ပေးလိုက်သည်။ နောက်နောင် ဘယ်သောဘယ်အခါမှ ယခုလို အမှားမဖြစ်စေရပါဟု ကတိသစ္စာပြုသည့်အတွက် ၅-၁၀-၂၀၁၉ ရက်တွင် ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်းအား ပယ်ဖျက်လိုက်သည်။ ကျွန်တော် ဦးဇော်အောင်မှ နောက်ဆုံးအကြိမ် ခွင့်လွှတ်ပေးပါသည်။

**ဦးဇော်အောင်**

**[၁၂/လသန(နိုင်)၀၁၄၅၇၃]**

**ဘုရား၊စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်နု (မုပ္ပလင်)

**အသက် (၈၆)နှစ်**

**(ဒေါ်နုအကြောဖြေလိမ်းဆေး)**

ရန်ကုန်မြို့၊ အမှတ် (၂၃)၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးထွန်းယုံ-ဒေါ်ဖွားသင်)တို့၏ သမီး၊ (ဦးဘိုး-ဒေါ်မနော်) တို့၏ သမီးချွေးမ၊ (ဦးခင်ဝင်း)၏ ဇနီး၊ ကိုမျိုးမင်းဟန်-မဇာခြည်စုစုသွင်၊ ကိုအားမာန်ဇော်မင်း-ဒေါက်တာဇင်ဇင်စုမွန်၊ ကိုဝေလင်းအောင်၊ မအိအိမွန်၊ ကိုသက်ဦးမောင်၊ မဆုမြတ်မောင်၊ ဒေါက်တာကျော်မင်းထင်-မခင်မေသူဝင်း၊ ကိုမျိုးဇင်-မမိုင်နွယ်နွယ်ဦး၊ မစောယုမွန်၊ ကိုအောင်ထက်လွင်-မခိုင်ဆုမွန်၊ ကိုသော်ဇင်-မနွေးနန္ဒာထွန်း၊ မရည်မွန်၊ ကိုဇော်ရန်နိုင်-မအိသန္တာချို၊ မဆုမြတ်နိုးဇင်၊ မမေမြတ်နိုးခင်၊ မမေမြတ်နိုးတို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်နုသည် ၂-၁၁-၂၀၁၉ (စနေနေ့) ည ၇:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးကို

**အသက် (၆၈) နှစ်**

**B.Sc (Chemistry) Mandalay University**

မန္တလေးမြို့၊ အမှတ် (၈၃၉)၊ ၄၂ x ၈၀ လမ်းနေ (ဦးမောင်လေး - ဒေါ်လှမြိုင်)တို့၏ သား၊ ရန်ကုန်မြို့၊ တိုက်(၁၁)၊ အခန်း(၇)၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်နေ (ဦးကျော်မြင့်-ဒေါ်ခင်ညိန်း)တို့၏ သားသမက်၊ ဦးကျော်လင်း-ဒေါ်ဝင်းမေ၊ ဦးခင်မောင်ဝင်း-ဒေါ်သိန်းသိန်းမြင့်၊ ဦးထွန်းညွန့်အောင်-ဒေါ်မာမာအေး၊ ဒေါ်တင်တင်အေး၊ ကိုသူ-မခိုင်၊ ဦးစံသိန်း- ဒေါ်စန္ဒာဝင်း၊ ဦးလှသက်ထွန်း-ဒေါ်အေးအေးမင်း၊ (ဗိုလ်နေမျိုးကျော်)၊ ဦးသူရကျော် (ဒုညွှန်မှူး၊ စိုက်မွေးဆည်ဝန်ကြီးရုံး)၊ ဒေါ်ချောချောမြင့် (Biz Development Director KMD Co., Ltd.)တို့၏ အစ်ကိုကြီး၊ ဒေါက်တာဒေါ်ချိုချိုမြင့် (ဒုတိယပါမောက္ခချုပ်၊ ထားဝယ်တက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း ဦးအေးကို (B.Sc Chemistry)သည် ၃.၁၁.၁၉ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၅.၁၁.၂၀၁၉ (အင်္ဂါနေ့) နံနက်၁၀နာရီတွင် နေအိမ်မှ တောင်အင်း/မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

**ဗိုလ်ကြီးကြူးကျော်(ငြိမ်း) (၉၅)နှစ်**

**ကြည်း-၆၈၀၄**

**ဗိသုကာအဖွဲ့(၂)ခေါင်းဆောင်**

**Royal School of Military Engineer / Chatham**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၃၈(က)၊ အင်းလျားလမ်းနေ (ဦးကောက်-ဒေါ်ကျင်ဖုံ)တို့၏သား၊ (ဒေါ်ကျင်ကွန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာကြည်ကြည်-ဦးစောထွန်းဖ၊ ဒေါ်ရင်ရင်လေး-ဦးရဲထွဋ်၊ ဦးတင်ရွှေ၊ ဒေါ်စန်းစန်း၊ ဒေါ်စိုးစိုး-ဦးလွင်ဦးတို့၏ ချစ်လှစွာသောဖခင်၊ မစန္ဒာထွန်း-ကိုနေလင်းဟန်၊ (Dr.စိုင်းဘိုဘိုထွန်း)၊ Dr.သိဒ္ဓိလွင်၊ မစိုးဝသန်တို့၏ ချစ်လှစွာသောအဘိုး၊ စောနန်းမိုခမ်း၏ ဘိုးဘိုးကြီးသည် ၂-၁၁-၂၀၁၉ရက်နေ့ ည ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ၃-၁၁-၂၀၁၉ရက်နေ့တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၉(သောကြာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်နု (မုပ္ပလင်)

**အသက် (၈၆)နှစ်**

**(ဒေါ်နုအကြောဖြေလိမ်းဆေး)**

ရန်ကုန်မြို့၊ အမှတ် (၂၃)၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးထွန်းယုံ-ဒေါ်ဖွားသင်)တို့၏ သမီး၊ (ဦးဘိုး-ဒေါ်မနော်)တို့၏ သမီးချွေးမ၊ (ဦးစံမြ-ဒေါ်ညွန့်)၊ (ဦးသန်းမောင်-ဒေါ်ခင်ပု)တို့၏ ညီမ၊ အောင်ခမ္ဘရိပ်သာ နာယကဆရာတော် ဦးတေဇနိယ၏ မယ်တော်ကြီး၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းမြင့်တို့၏ အဒေါ်၊ (ဦးခင်ဝင်း)၏ ဇနီး၊ ဦးခင်မောင်ဝင်း-ဒေါ်ဘေဘီ (ဘေဘီဆေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)၊ (ဦးစောလင်း)-ဒေါ်ခင်ဌေးဝင်း (အဓိကလိမ်းဆေး)၊ (ဦးမောင်မောင်နီ)-ဒေါ်ခင်မြင့်ဝင်း (စိန်ပွင့်လျှပ်စစ်နှင့်ကုန်မာ)၊ ဦးစိုးဝင်း-ဒေါ်အေးအေးသောင်း (ဆုမွန်အပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)၊ ဦးစိုးသိန်း-ဒေါ်ခင်အေးဝင်း၊ ဦးသက်နိုင်ဦး (ဗိုလ်ချုပ်ဈေး)-ဒေါ်ခင်စန်းဝင်း၊ ဦးထွန်းလှ-ဒေါ်ခင်သန်းဝင်း (T&T ရေခဲမုန့်)၊ ဦးခင်ဇော်ဝင်း-ဒေါ်မေသူသင်း (မြန်မာ့မီးရထား)တို့၏ မိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်နုသည် ၂-၁၁-၂၀၁၉ (စနေနေ့) ည ၇:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်သင်တန်း (၂၈)မှ ဒုတိယဗိုလ်မှူးကြီး သူရ(ငြိမ်း)သည် ၃-၁၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိရောက်ပါစေ။

**ဗိုလ်ချုပ်စောလွင်(ငြိမ်း)**

**ဗိုလ်မှူးကြီးသိန်းထူး (ငြိမ်း)**

**ဒုဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)**

**ဒုဗိုလ်မှူးကြီးစောမာဗယ်လ်(ငြိမ်း)**

**ဗိုလ်မှူးမင်းအောင်(ငြိမ်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီး ခင်မောင်ဌေး (ငြိမ်း)**

**အသက် (၅၉)နှစ်**

**လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)**

**အနုပညာဦးစီးဌာန**

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) ဗိုလ်ကြီးခင်မောင်ဌေး(ငြိမ်း)သည် ၄-၁၁-၂၀၁၉ ရက်နေ့ နံနက် ၆:၁၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

**အနုပညာဦးစီးဌာန**

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ဦးကိုလေး (၂၈-၁၀-၂၀၁၈)**

**မြို့တော်သစ်စက် (တောင်ဒဂုံစက်မှုဇုန်-၂)**

ချစ်လှစွာသောခင်ပွန်း ဦးကိုလေးမိသားစုနှင့် ခွဲခွာသွားသည်မှာ (၂၈-၁၀-၂၀၁၉)ရက်နေ့တွင် (၁)နှစ်တိတိပြည့်ခဲ့ပါသော်လည်း အချိန်တိုင်းသတိရလွမ်းဆွတ်ဆဲပါ။ ဦးကိုလေးအား ရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်များအား နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ ဆွမ်း၊ သင်္ကန်း၊ နဝကမ္မ အလှူငွေများ လှူဒါန်း၍ ကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါသည်။

ဦးကိုလေး ကိုယ်တိုင်ပြုခဲ့သော ဒါန၊ သီလ၊ ဘာဝနာ၊ သာသနာပြုကုသိုလ်များနှင့် ကျန်ရစ်သူမိသားစုမှ ရည်စူး၍ ပြုပေးသော ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအနုမောဒနာခေါ်ဆို၍ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက် ပြုနိုင်ပါစေ။

ဦးကိုလေးရေ အမျှ၊ အမျှ၊ အမျှ ယူတော်မူပါကုန်လော

**ဇနီး ဒေါ်လှဲ့လှဲ့ဝင်း**

**သမီး မစိမ်းလှဲ့သန္တာ**

**သား မောင်ဖြိုးဝေအောင်**

## Dr ထွန်းလွင်

**CEO,MCCW (Myanmar Climate Change Watch)**

**ညွှန်ကြားရေးမှူးချုပ်၊ မိုး/ဇလဌာန(ငြိမ်း)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ တိုက်(၆)၊ အခန်း(၁)နေ (ဦးသိမ်းမောင်-ဒေါ်အေးကြီး)တို့၏ သားကြီး၊ (ဦးလှသော်)၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ရီတို့၏ အစ်ကို၊ ဒေါ်မူမူသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဇော်(Faith & Love Furniture)-Dr. မြတ်စုထွန်းလွင် (ဒါဒို့ပြည် Souvenir Shop)၊ မောင်ဖွဲ့မာန်ထွန်းလွင် (NCS Pte Ltd.)၊ မစွမ်းရည်ထွန်းလွင် (Doe Eain)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်သစ် (Grade-11၊ အထက-၁၊ ဒဂုံ)၊ မောင်ထူးခန့် (Grade-6၊ အထက-၁၊ ဒဂုံ)၊ မစုတင့်တယ်(Grade-3၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောအဘိုးသည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆:၅၇ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီအချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းသိစေရန် ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## Dr ထွန်းလွင်

**CEO,MCCW (Myanmar Climate Change Watch)**

**ညွှန်ကြားရေးမှူးချုပ် မိုး/ဇလဌာန(ငြိမ်း)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ တိုက်(၆)၊ အခန်း(၁)နေ (ဦးသိမ်းမောင်-ဒေါ်အေးကြီး)တို့၏ သားကြီး၊ (ဦးထွန်းသန်း-ဒေါ်လှမြိုင်)တို့၏ သားသမက်၊ (ဦးလှသော်)၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ရီတို့၏ အစ်ကို၊ ဦးမြင့်ထွန်း-Dr.ယဉ်ယဉ်သန်း၊ Dr.ဇော်မြင့်-Dr.ကြူကြူသန်း၊ ဦးခွန်မျိုးကျော်သူ-ဒေါ်အေးအေးသန်း၊ ဦးထင်အောင်ကျော်၊ ဒေါ်ဇင်မေကျော့ရှင်းတို့၏ အစ်ကိုကြီး၊ ဒေါ်မူမူသန်း ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဇော်(Faith & Love Furniture)-Dr.မြတ်စုထွန်းလွင် (ဒါဒို့ပြည် Souvenir Shop)၊ မောင်ဖွဲ့မာန်ထွန်းလွင် (NCS Pte Ltd.)၊ မစွမ်းရည်ထွန်းလွင် (Doe Eain)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်သစ် (Grade-11၊ အထက-၁၊ ဒဂုံ)၊ မောင်ထူးခန့် (Grade-6၊ အထက-၁၊ ဒဂုံ)၊ မစုတင့်တယ်(Grade-3၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောအဘိုး သည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆:၅၇ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီအချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းသိစေရန် ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်ခင်ခင်စိန်

**(အထက-၃၊ ဒဂုံ-ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ မြနန္ဒာအိမ်ရာ၊ တိုက်(၆)၊ အခန်း (၁၀၁)နေ (ဦးသန်းတင်-ဒေါ်ခင်စန်း)တို့၏ သမီး၊ (ကိုကျော်စိုး)၊ ဒေါ်ခိုင်ယဉ်ဝင်း (ကထိက၊ မြန်မာစာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)တို့၏ မိခင်၊ ဦးစန်းဝင်း(ငြိမ်း)၏ ဇနီးသည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၁:၃၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစိုးဝင်း

**အသက်(၈၀)**

**တပ်မတော်(ငြိမ်း)**

**ပြည်ထောင်စုကျောင်းသားဟောင်း**

**(ပညာရွှေအိုးစာပေ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ တော်ဝင်ရိပ်သာလမ်း၊ အမှတ်(၁၄၅)နေ (ဦးစိန်ထွန်း-ဒေါ်လှစိန်)တို့၏ သားကြီး၊ (ဦးစိန်ညွှန့်-ဒေါ်နှင်းအိ)တို့၏ သားသမက်၊ ဦးခင်မောင်ညွှန့်(ပြည်တွင်းအခွန်-ငြိမ်း)-ဒေါ်ယဉ်ယဉ်မြင့်(အထက-၄၊ စမ်းချောင်း-ငြိမ်း)တို့၏ တူ၊ ဒေါ်စန်းစန်းရီ၏ ခင်ပွန်း၊ ဒေါ်ခင်ခင်ဦး (ပညာရွှေအိုးစာပေ)၊ (ဦးသိန်းထိုက်)-ဒေါ်အေးအေးတင့်၊ ဦးသန်းဇော်မိုး(ယန္တရား စည်ပင်)-ဒေါ်မြင့်မြင့်ခိုင်ကျည်လတ်၊ ဒေါ်စုစုသိမ်းတို့၏ ဖခင်ကြီး၊ မောင်အုပ်စိုးဦး(အောင်ပြည်တန်ကုမ္ပဏီ)-မနွယ်နီ၊ မောင်ကောင်းခန့်ကျော်-မစုပွင့်ဖြူ၊ မောင်ဝေယံရှင်း၊ မခင်မိုးမြင့်၊ မခင်မြင့်မြတ်၊ မရည်မွန်သန့်တို့၏အဘိုး၊ မသွန်းရွှေရည်၏ ဘိုးဘိုးကြီးသည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့)နံနက် ၁၀:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းဌေး(ခ)Polly Hla Htoon

**အသက် (၇၈) နှစ်**

**ST.Phllomena (အ.ထ.က-၂၊ ကျောင်းသူဟောင်း)**

ရန်ကုန်မြို့၊ စမ်းချောင်းရပ်ကွက်နေ ( အနောက်ပိုင်းနယ်ပိုင် ရာဇဝတ်တရားသူကြီး (ဦးလှထွန်း -ဒေါ်တင်လှ)တို့၏ သမီးကြီး၊ မန္တလေးရှမ်းပွဲရပ်နေ (ဦးဘ-ဒေါ်ဒေါ်ခင်)တို့၏ သမီးချွေးမ၊ [ဒေါက်တာကျော်ကျော် (ကထိက၊ ခပေါင်းကျောင်းဆောင်မှူးဟောင်း၊ ဘူမိဗေဒဌာန ရန်ကုန်တက္ကသိုလ်၊ ယခင် မန္တလေးတက္ကသိုလ်၊ ဘူမိဗေဒဌာန)]၏ ချစ်လှစွာသောဇနီး၊ [ဦးတင်ဝင်း (အလုံတရားရုံး)]၊ [ဦးသန်းဝင်း (ဘရေ)]တို့၏ညီမ၊ ဒေါ်သန်းသန်းဆင့် (ပါမောက္ခ-ငြိမ်း၊ ဒဂုံတက္ကသိုလ်)၊ [ဒေါ်ခင်အေးမော် (စိုက်ပျိုးရေးဘဏ်)]၊ ဒေါ်မာလာထွန်း (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-၃၊ မရမ်းကုန်း)၊ ဦးကျော်စိုး (ဒုဝန်ကြီး-ငြိမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ (ဒေါက်တာသန္တာထွန်း)၊ ဒေါ်မော်လင်းလှထွန်းတို့၏ အစ်မကြီး ဒေါ်သန်းသန်းဌေးသည် ၂၉-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ ရှမ်းပွဲရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် တောင်အင်း/မြောက်အင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးအောင်ကျော်လင်း(ငြိမ်း)၊ တပ်မတော်(ရေ)

**အသက်(၄၆)နှစ်**

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၇)**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာလမ်းနေ (ဦးဘငြိမ်း-ဒေါ်ထွေးစိန်)တို့၏ သား၊ ဦးအောင်တင်ထွဋ်-ဒေါ်နိုင်နိုင်ဝေ၊ ဦးတင်စိုး-ဒေါ်လင်းပပ တို့၏ အစ်ကို၊ ဦးတင်အောင်မိုး-ဒေါ်ချိုချိုငြိမ်းတို့၏ ညီ/မောင်၊ ညောင်တုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၅)လမ်းနေ ဦးကြည်ဝင်း-(ဒေါ်သိန်းသိန်း)တို့၏ သားသမက်၊ အမှတ်(၈၃)၊ မြတ်ရတနာအိမ်ရာ၊ အောင်ချမ်းသာရပ်ကွက်၊ သန်လျင်မြို့နယ်နေ ဒေါ်နွယ်နီဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မအေးဆုမွန် (G-7)၊ မမိုးယုမွန် (G-2)တို့၏ ကျေးဇူးရှင်ဖခင်ကြီး သည် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် အမိုးနီသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၁၉ (စနေနေ့) နံနက်တွင် အမှတ်(၈၃)၊ မြတ်ရတနာအိမ်ရာ၊ အောင်ချမ်းသာရပ်ကွက်၊ သန်လျင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## Dr ထွန်းလွင်

**CEO, MCCW**

**ညွှန်ကြားရေးမှူးချုပ် မိုး/ဇလဌာန(ငြိမ်း)**

**အသက်(၇၂)နှစ်**

ချစ်ခင်လေးစားရပါသော မိုးလေဝသပညာရှင်ကြီး ဒေါက်တာဦးထွန်းလွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်၊ ဇနီး ဒေါ်ခိုင်နွယ်ဦး မိသားစု**

**ပြန်ကြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာထွန်းလွင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန) အသက်(၇၂) နှစ်သည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆:၅၇ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်**

**ဇနီး ဒေါက်တာဒေါ်ခင်သန်းအေး**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာထွန်းလွင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန) အသက်(၇၂)နှစ်သည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆:၅၇ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ဦးအောင်ညွှန့် (၈၆)နှစ်

လယ်ဝေးမြို့နယ်၊ ကံသာကျေးရွာနေ (ဦးစံညွှန့်-ဒေါ်ပွင့်)တို့၏ သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၃၀၇/၄၈)၊ အကောက်ခွန်ဝန်ထမ်းအိမ်ရာနေ (ဒေါ်သိန်းကြည်)၏ ခင်ပွန်း၊ ဗိုလ်မှူးဝင်းမြင့်(ငြိမ်း)-ဒေါ်သန်းသန်းဝင်း၊ [ဦးတင်ကြိုင် (အကောက်ခွန်မှူး)]-ဒေါ်ဝါဝါအောင်(အကောက်ခွန်ဦးစီးဌာန)တို့၏ ဖခင်၊ ဗိုလ်မှူးဇေယျာဝင်းမြင့်-ဒေါ်အိမိုးသူ (ဒု-ဦးစီးမှူး-အခွန်ဦးစီးဌာန)၊ ဒေါက်တာသဥ္ဇာဝင်းမြင့်၊ မဗေရယ်ဝင်းမြင့်၊ မရွှန်းလဲ့ဝါဝါ(SMVTI)တို့၏ အဘိုး၊ မအိမ့်သီရိသူ၏ ဘိုးဘိုးသည် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၁:၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၁၉ (စနေနေ့) နံနက်တွင် (၅၁)လမ်း၊ အမှတ်(၃၀၇/၄၈)၊ အကောက်ခွန်ဝန်ထမ်းအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဝင်း

**အသက်(၆၉)နှစ်**

**(ဒု-ဦးစီးမှူး-ငြိမ်း)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်၊ စံပြရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၆၉/A)နေ (ဦးလှမောင်-ဒေါ်သိန်း)တို့၏ သမီး၊ ဦးအောင်သစ်-ဒေါ်ထားထားတင့်၊ ဦးထိန်လင်း(အငြိမ်းစား-PPE)-ဒေါ်စိုးစိုး(အငြိမ်းစား-PPE)တို့၏ ညီမ၊ ဒေါ်ပြုံးကြည်၊ ဒေါ်ရီရီနု(ထွေ/အုပ်-ငြိမ်း၊ နေပြည်တော်)၊ ဒေါ်ချိုချိုအေး (ကေတုမတီကုမ္ပဏီ)၊ (ဦးကံလင်း)၊ (ဦးအောင်လင်း)တို့၏ အစ်မကြီး၊ မောင်နေလင်းအောင်-မဝေမာမျိုး၊ မဝတ်ရည်အောင်၊ (မောင်စိုးလင်းအောင်)-မခင်ခင်ဝင်း၊ မောင်ကျော်သူလင်း-မနှင်းပွင့်ဖြူ၊ မောင်ဥက္ကာ-မချမ်းငြိမ်းဖြူတို့၏ ဒေါ်ကြီး၊ မြေးငါးယောက်တို့၏ အဘွားသည် ၄-၁၁-၂၀၁၉ရက် နံနက် ၂:၂၅နာရီတွင် ရန်ကုန်မြို့၊ ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးပိုင်စိုးလွင်

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)လမ်း၊ အခန်းအမှတ်(၂၀၅)၊ မော်တင်တာဝါ(အေ)၊ ခုနစ်လွှာနေ (ဦးစောလွင်-ဒေါ်ခင်ဝင်း)တို့၏ သား၊ ဒေါ်မို့မို့ဆွေ(အောင်ပြည်တန်ကုမ္ပဏီ)၏ ခင်ပွန်း၊ ဦးထွန်းထွန်းလွင် (Golden Key Co.,Ltd.)၏ ညီ၊ ဒေါ်ဝါဝါလွင်(ပြည်တွင်းရေကြောင်း)၏ မောင်၊ ဒေါက်တာဒီညိမ်းလွင်၏ ဖခင်သည် ၃-၁၁-၂၀၁၉ ရက် နံနက် ၀၀:၀၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သွေးသည် အသက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်လှလှသိန်း

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ သစ်ရာပင်လမ်း၊ မိဘမေတ္တာခြံ၊ အမှတ်(၁၁၀)နေ (ဦးဘမောင်-ဒေါ်အုန်းတင်)တို့၏ သမီး၊ (သီရိပျံချီ ဝန်ကြီး ဗိုလ်ချုပ်တင်ဌေး)၏ ဇနီး၊ ဗိုလ်မှူးကြီး ခင်မောင်ညွှန့်(ငြိမ်း)-ငွေလှရတနာအဘိဓမ္မာသင်တန်းမှူး ဒေါ်ခင်သန္တာဦး၊ ဒုဗိုလ်မှူးကြီး မြင့်သူရ(ငြိမ်း)-ဒေါ်တင်မာလာသိန်း၊ ဗိုလ်မှူးရန်နိုင်စိုး(ငြိမ်း)-ဒေါ်သီတာညိမ်း၊ ဦးအောင်သူရ-ဒေါ်ခင်မေမေလတ်၊ ဒေါ်တင်ပပသိန်းတို့၏ မိခင်၊ မောင်ရန်ကျော်၊ မချစ်မိုးပွင့်ဖြူ၊ မအိနှင်းပွင့်ဖြူ၊ မောင်စွမ်းထက်ရန်နိုင်၊ မောင်ပြည်စိုးဦး၊ မဖြူစင်ယမင်း၊ မောင်စစ်စစ်ခန့်၊ မောင်ပြည့်ဖြိုးမောင်၊ မ Bree ဖြူကျော်တို့၏ ချစ်လှစွာသောအဘွားသည် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) မြန်မာစံတော်ချိန် ည ၉:၃၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ Bumrungrad Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## သမားတော်ကြီး ဒေါက်တာဦးသိန်းဟံ

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၉/ဂ)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်းနေ (ဦးချစ်ထွန်း-ဒေါ်အေးတင်)တို့၏ သား၊ ဒေါ်ခင်ဝင်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြကြွေ၏ မောင်၊ ဦးဝင်းလှိုင်၊ ဒေါ်စန်းလှ၊ ဒေါ်ညွန့်ညွန့်တင်တို့၏ အစ်ကို၊ ဦးမြတ်သူ-ဒေါ်စုစုမာ၊ Dr.ဇော်မျိုးထက်-Dr.အေးအေးမွန်(U.K)၊ Dr.ရွှေပြည်စိုး-ဒေါ်သူဇာအောင်(U.K)၊ Dr.ဖြိုးကျော်-ဒေါ်မိမွန်သက်(U.K)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ ရက် ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## သမားတော်ကြီး ဒေါက်တာဦးသိန်းဟံ

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့နေ ကိုထက်မြက်ဦး-မအိန္ဒြေမဒီဆွေတင် (Rangoon Tea House)၊ Dr.ဖွဲ့မြတ်ထူး၊ ကိုအောင်မြတ်ကျော်၊ မမြကြာဖြူ၊ Nelson Soe၊ Erika Soe၊ May Madi တို့၏ ချစ်လှစွာသောအဘိုးသည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ ရက် ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်စိန်

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်နေ (ဦးဖြူအောင်-ဒေါ်မေဦး)တို့၏ သား၊ (ဦးရွှေစိန်အောင်-ဒေါ်ရင်မေ)၊ (ဦးထွန်းအောင်ဇံ-ဒေါ်မေလှဖြူ)၊ (ဦးအောင်သိန်း)-ဒေါ်ငွေစိန်၊ ဦးမောင်အေး-ဒေါ်မြင့်မြင့်စိန်တို့၏ ညီ/မောင်၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပလရရပ်ကွက်၊ အိမ်ခြေ(၁၀၀)၊ (၃)လမ်း၊ အမှတ်(၄၆)နေ ဒေါ်ညွန့်တင်(အမက-၁၊ ဒဂုံ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ အိမ်ခြေ(၁၀၀)၊ (၃)လမ်း၊ အမှတ်(၄၆)နေ (ဦးမောင်စိန်)-ဒေါ်ညွန့်တင်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးစိန်စတင်း

**လူမှုထူးချွန် (ပထမဆင့်)**

**ဆိုင်းပညာရှင် နိုင်ငံကျော် ရှာစားကြီး**

**အသက်(၇၂)နှစ်**

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၀)၊ သုနန္ဒာ (၆)လမ်း၊ (စ)ရပ်ကွက်နေ (ဦးဒီလုံး-ဒေါ် အေးချမ်း)တို့၏ သားထွေး၊ (ဦးတောကျော်)၊ ဒေါ်စန်းရွှေ ဒေါ်ဥာဏ်အေးတို့၏ ချစ်လှစွာသောညီ/မောင်၊ (ဒေါ်စောရီ)၊ (ပြည်သူ့အချစ်တော်နိုင်နိုင်မော်)တို့၏ ချစ်လှစွာသောခင်ပွန်း၊ ကိုနိုင်စတင်း-မစန္ဒာထွန်း၊ကိုစိန်မင်းကို-မမြင့်မြင့်ကြည်၊ ဒေါက်တာဇော်ဝမ်း-ဒေါက်တာတင်တင်ယု၊ ကိုစိန်မင်းနိုင်-မယမင်းသူ၊ ကိုကျော်ကျော်ဟန်၊ မသူဇာအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်တို့၏ ချစ်လှစွာသောအဘိုး ရှာစားကြီးဦးစိန်စတင်းသည် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ (ကြာသ ပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီမြင့် (၇၂)နှစ်

**(ဗ-န-တ၊ ငြိမ်း)၊ သာထွန်းပြန့်၊ ဦးစီးမှူး (ငြိမ်း)**

ဟင်္သာတမြို့၊ လေးမျက်နှာရပ်ကွက်နေ (ဦးညိုမောင်-ဒေါ်ခင်အေး)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၄/၁၄၅၊ မော်လမြိုင်ပန်းခြံနေ [ဦးလှရင် (လယ်စိုက်ရှင်း-ငြိမ်း)]၏ ဇနီး၊ ဗိုလ်မှူးနေမျိုးတင့်(ငြိမ်း)-ဗိုလ်မှူးခင်မိုးဝင်း (တပ်မတော်ဆေးရုံ၊ မုံရွာ)၊ ဦးကုဋ္ဌေဟိန်း (ပြည်တွင်းရေကြောင်း)-ဒေါ်အောင်ဆန်းမူ (အထက-၃၊ ရွှေပြည်သာ)၊ ဦးထွန်းထွန်းအောင် (Esessest ဆပ်ပြာမှုန့်)-ဒေါ်သီဂီလွင် (Denko Co., Ltd.) တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၄-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေပြည်သာမြို့ ကျူချောင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၉(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ခန့်အပ်ခြင်းအား လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်း အစီရင်ခံစာတစ်ခုနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြခြင်း၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် စာချုပ်များတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စအား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❋**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ စတင်ဖွင့်လှစ်



**တောင်ကြီး နိုဝင်ဘာ ၄**

တောင်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က စိန်နားပန် မီးပုံးပျံအား ဦးစွာလွှတ်တင် ပူဇော်ကြသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**

**တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ပထမနေ့တွင် ညမီးကြီးအမျိုးအစား ဗုံစည်မီးပုံးပျံ စတင်ယှဉ်ပြိုင်လွှတ်တင်စဉ်။**
*ဓာတ်ပုံ-ကျော်ဇေယျာမြင့်*

# တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၁) နှင့် (၃)တို့၌ ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ကရင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ် အသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းနှင့် ကယားပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ် အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးဂိုး-နှစ်ဂိုး၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တနင်္သာရီတိုင်းဒေသကြီး အသင်းက တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အသီးသီး အနိုင်ရရှိသည်။

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❐**

